ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 15 July 2024 ၁၁၅၁၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ

**စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်း ဈေးနှုန်း တစ်ပိဿာ ၅၄၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၂

**ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(ရန်ကုန်)မှ ဖိတ်ခေါ်ပါသည်**

ဆောင်းပါး စာမျက်နှာ » ၆

**ရွေးကောက်ပွဲမှတစ်ဆင့် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးမှုဆီသို့ . . .**

ဆောင်းပါး စာမျက်နှာ » ၁၁

# ဘေးကင်း ကြည်လင် သန့်စင် ကျန်းမာ ရန်ကုန်တစ်ခွင်မှာ



ရေလှောင်ကန်ကြီးများနှင့် ရေပေးဝေရေးစခန်းများကပေးပို့သော ရေနမူနာများကို သာကေတမြို့နယ် ဗဟိုဓာတ်ခွဲခန်းတွင် ထပ်မံဓာတ်ခွဲစစ်ဆေးစဉ်။ ဓာတ်ပုံ - စောသိန်းဝင်း

သတင်းဆောင်းပါး

**မြတ်စိုး(လှိုင်)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူလူထု ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ ဖူလုံစွာနှင့် စနစ်တကျရယူသုံးစွဲနိုင်ရေးအတွက် နေ့စဉ်တာဝန်ယူကြီးကြပ် ဖြန့်ဝေပေးလျက်ရှိသည်။

**ပုံမှန်ဖြန့်ဝေပေးလျက်ရှိ**

ထိုသို့ ဖြန့်ဝေပေးနိုင်ရေးအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေလှောင်ကန်ကြီး သုံးကန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနပိုင် ရေလှောင်ကန်ကြီးနှစ်ကန်တို့မှ စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်သို့ နေ့စဉ်သောက်သုံးရေဂါလန် ၂၃၇ သန်း ပုံမှန်ဖြန့်ဝေပေးလျက်ရှိသည်။

ယင်းသို့ ဖြန့်ဝေပေးရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလန် ၂၇ သန်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪



ပြည်ခရိုင်ရှိ မြောက်နဝင်းရေလှောင်တမံကို တွေ့ရစဉ်။

## ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရှိ မိုးစပါး ဧက ၄၅၀၀၀ ကျော်အား ဆည်တမံများမှ စိုက်ပျိုးရေမပြတ်ပို့လွှတ်

ရန်ကုန် ဇူလိုင် ၁၄

ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆန်စပါးကို ရာသီအလိုက်စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ်မိုးရာသီ၌ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရှိ မိုးစပါးစိုက်ခင်းများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၍ ထိုသို့ဆောင်ရွက်ရာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မိုးစပါးစိုက်ဧက ၄၅၀၀၀ ကျော်အား စိုက်ပျိုးရေမပြတ်ပို့လွှတ်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် ရာသီအလိုက် စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် အကျိုးပြုရေအသုံးပြုနိုင်ရန် ပဲခူးခရိုင်၌ ဆည်တမံ ရှစ်ခု၊ ညောင်လေးပင်ခရိုင်၌ ငါးခု၊ တောင်ငူခရိုင်၌ ရှစ်ခု၊ နတ်တလင်းခရိုင်၌ သုံးခု၊ သာယာဝတီခရိုင်၌ ရှစ်ခုနှင့် ပြည်ခရိုင်တွင် ခုနစ်ခုတို့ဖြင့် ဆည်တမံ ၃၉ ခုရှိပြီး ရေလွှဲဆည် ၁၃ ခုနှင့် ရေတံခါး ၁၄ ခု တို့ဖြင့် စုစုပေါင်းဆည်တမံ၊ ရေလွှဲဆည်နှင့်ရေတံခါး ၆၆ ခုရှိရာ စိုက်ပျိုးရေပေးဝေခြင်း၊ မိုးရာသီတွင် ရေသိုလှောင်ခြင်း၊ ဆည်တမံကြံ့ခိုင်ရေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# သဘာဝဘေး ကြိုတင်ပြင်ဆင်ကာကွယ်

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းမှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် မုတ်သုံမိုးအားကောင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် မိုးသည်းထန်စွာရွာသွန်းမှု၊ မိုးရေချိန်စံချိန်တင်မြင့်မားမှုများ ဖြစ်ပေါ်လျက်ရှိသည်။ မိုးဦးကာလ ဇွန်လကုန်မှစ၍ မြန်မာနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဧရာဝတီမြစ်ဖျား၌ မြစ်ရေတက်မှုကြောင့် မြစ်ကြီးနားမြို့တွင် ရေဝင်နစ်မြုပ်မှုများ ဖြစ်ပွားခဲ့ပြီး ပြည်သူများ ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့သည်။

မြန်မာနိုင်ငံတွင် မြစ်ချောင်းအင်းအိုင်များ ပေါများလှပြီး ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း မြစ်ကြီးငါးသွယ်နှင့် မြစ်လက်တက်များစွာရှိသည်။ ရေ၏သဘာဝအရ မြင့်ရာမှနိမ့်ရာသို့ တဖြည်းဖြည်းစီးဆင်းလေ့ရှိပြီး မိုးရွာသွန်းမှုမြင့်မားချိန်၌ တောင်ကျရေများအရှိန်ဖြင့် မြစ်များအတွင်းစီးဝင်သဖြင့် မြစ်ကြီး၊ မြစ်ငယ်များရေပြည့်လျှံကာ မြစ်နားနီးမြို့ရွာများ၊ အနိမ့်ပိုင်းဒေသများ ရေဝင်နစ်မြုပ်ကုန်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထား မြစ်ရေစီးကြောင်းသဘောအရ မြစ်အထက်ပိုင်းတွင် စတင်မြစ်ရေလျှံမှုဖြစ်ပွားပြီးနောက် မြစ်လယ်၊ မြစ်အောက်ပိုင်းတို့တွင် မြစ်ရေလျှံမှုများ ဆက်လက်ဖြစ်ပွားသည်။

ယခုအခါ မြစ်အစမြစ်အထက်ပိုင်း၌ မြစ်ရေလျှံမှုများ ဖြစ်ပွားပြီးနောက် မြစ်အလယ်၊ မြစ်အလယ်အောက်ပိုင်းတွင် မြစ်ရေလျှံမှုများ ဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဇူလိုင်လ ၁၃ ရက်နေ့ တိုင်းထွာမှုများအရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့နှင့် ကသာမြို့၏ စိုးရိမ်ရေမှတ်အထက်တွင်လည်းကောင်း၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ သပိတ်ကျင်းမြို့၊ ချောက်မြို့၊ မင်းဘူးမြို့တို့တွင် စိုးရိမ်ရေမှတ်အထက်သို့လည်းကောင်းရောက်ရှိနေသည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဖောင်းပြင်မြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် စိုးရိမ်ရေမှတ်ကိုကျော်လွန်ပြီး နောက်ရက်များတွင် ပြန်လည်ကျဆင်းမည့်သဘောရှိသည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ စိုးရိမ်ရေမှတ်အထက်သို့ရောက်ရှိပြီး နောက်ရက်များတွင် ပြန်လည်ကျဆင်းနိုင်သည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတက်မှုအရ ကျန်မြစ်ကြီးမြစ်ငယ်များတွင်လည်း စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင်ပါ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သည်။ လက်ရှိတွင် ရွှေကူ၊ ကသာ၊ သပိတ်ကျင်း၊ စစ်ကိုင်း၊ မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦး၊ ချောက်၊ မင်းဘူး၊ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ မုံရွာ၊ မန္တလေးနှင့်မြစ်ငယ်မြို့တို့ရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်။

ယခုအခါ မြစ်ရေဝင်ရောက်သည့် မြို့ပေါ်ရပ်ကွက်များတွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများ၏ ပစ္စည်းများကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာနေရာနှင့် ရေဘေးရှောင်စခန်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားရေရိက္ခာနှင့် လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအောက်ပိုင်းရှိ အချို့မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး(လူ၊ ပစ္စည်း၊ ယန္တရား)စုဖွဲ့မှုဖြင့် သရုပ်ပြလေ့ကျင့်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများ စုပေါင်းပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ နှစ်စဉ်ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေကြီးမှုအန္တရာယ်များ ကြုံတွေ့ရလေ့ရှိသည်။ မြစ်ရေကြီးမှုသည် ပုံမှန်ရေကြီးရေလျှံမှုအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာ ရွာသွန်းမှုများကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ တောင်ပြိုခြင်းနှင့် မြေပြိုခြင်းများကိုလည်း ကြုံတွေ့နိုင်သည်။ ယမန်နှစ်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေဘေးအန္တရာယ်ကြုံတွေ့မှု ၁၁၄ ကြိမ်ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အအုံပေါင်း သုံးရာနီးပါး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန် သေဆုံးမှုအချို့ရှိခဲ့သည်။ ယခုနှစ် မိုးရာသီကာလတွင် ယမန်နှစ်က မိုးရွာသွန်းမှုထက် မိုးဦးတွင်ပင် မိုးရွာသွန်းမှု အားကောင်းနေသဖြင့် ရေကြီးရေလျှံမှုများ ပိုမိုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသော်လည်း သဘာဝဘေးတစ်မျိုးမျိုး ဖြစ်ပွားလာပါက ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ပြည်သူများနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက ဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားနိုင်ရန်နှင့် ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ပါရန် အသိပေးအပ်ပါကြောင်း။ ။

# နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း (Black Lists)တွင် ပါဝင်နေသူများအား ဖြေလျှော့ပေးမည်

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း (Black Lists)တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်း နစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများအား ကုစားပေးနိုင်ရန်အလို့ငှာ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းခြင်းရာအပေါ်မူတည်၍ အမည်မည်းစာရင်း(Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၁၅-၇-၂၀၂၄ ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ ရောက်ရှိနေသည့် နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့လည်းကောင်း၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ဘီးလင်းမြို့နယ်၌ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ဘီးလင်း ဇူလိုင် ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ် ဖြန့်ဖြူးသူများက သက်သာသော ဈေးနှုန်းများဖြင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ယမန်နေ့ နံနက်ပိုင်းက ဘိုးရာဇာရပ်ကွက် မင်္ဂလာဈေးအတွင်း ရောင်းချပေးလျက်ရှိသည်။




ယင်းသို့ ရောင်းချရာတွင် အခြေခံစားသောက်ကုန် ပစ္စည်းများဖြစ်သည့် အမဲသား တစ်ပိဿာကျပ် ၁၃၀၀၀၊ ဝက်သား တစ်ပိဿာကျပ် ၁၃၀၀၀၊ ကြက်သား တစ်ပိဿာကျပ် ၁၀၀၀၀၊ ညှော့မထဆန် တစ်ပြည်ကျပ် ၃၀၀၀၊ ငါးမြင်းတစ်ပိဿာကျပ် ၅၀၀၀၊ ငါးမုတ်တစ်ပိဿာကျပ် ၅၀၀၀ စသည့် စားကုန်ပစ္စည်းများအား သက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ အများပြည်သူများက စနစ်တကျဝယ်ယူ အားပေးခဲ့ကြောင်း သိရသည်။

အဆိုပါရောင်းချမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၄၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၄၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင်မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်ပြီး သွင်းအားစုများပေးအပ်

ပုသိမ် ဇူလိုင် ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် မွေတော်ရှမ်းစုကျေးရွာသို့ရောက်ရှိပြီး တောင်သူဦးတင်ဖေ၏ လယ်မြေဧက ၁၀၀ စံပြကွက်၌ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးနေမှုနှင့် ကောက်စိုက်သမဖြင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ တောင်သူဦးတင်ထွေး၏လယ်မြေ၌ တတိယသီးနှံ စပါးရိတ်သိမ်းနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။



**ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာ တောင်သူဦးကျော်ရွှေ၏ လယ်မြေ၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံကာ စပါးအရည်အသွေး ကောင်းမွန်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် မျိုးကောင်းမျိုးသန့်များရွေးချယ်၍ နည်းစနစ်တကျ စိုက်ပျိုးသွားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာနှင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ အူကျွန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများမှ တောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင် ကျေးရွာအုပ်စု၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေနှင့် တောင်သူများအနေဖြင့် ဓာတ်မြေဩဇာ သုံးစွဲမှုများကို လျှော့ချ၍ ကုန်ကျစရိတ်များစွာ သက်သာစေမည့် သဘာဝမြေဩဇာများသုံးစွဲရေး ကိစ္စရပ်များကိုရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကြွခင်းစနစ်များပပျောက်ရေး၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်စေရေးနှင့် မိုးစပါး စိုက်ပျိုးရာသီပြီးစီးပါက ဆီထွက်သီးနှံ စိုက်ပျိုးရေးဇုန်နှစ်ခု အကောင်အထည်ဖော် စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်သည့် တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ပြီးတောင်သူဦးညွန့်သိန်း၏ လယ်မြေ ရှစ်ဧက၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်း ထွန်ယက်နေမှု၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုနှင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၁၄

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ကျင်းပသည့် မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယသံရုံးမှ ဒုတိယအတွင်းဝန် Mr. Ashok Kumar၊ အိန္ဒိယ-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့်အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အာဆီယံ+အိန္ဒိယ၊ BIMSTEC၊ SASEC နှင့် မဲခေါင်-ဂင်္ဂါခရီးသွားလုပ်ငန်း စသည့်မူဘောင်များအတွင်း နီးကပ်စွာ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ အဆင်ပြေစွာလာရောက်လည်ပတ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များကို ဆိုက်ရောက်ဗီဇာဖြင့် လာရောက်လည်ပတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ အိန္ဒိယနိုင်ငံမှခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များမြန်မာနိုင်ငံသို့ပိုမိုလာရောက်လည်ပတ်ရေးဆိုင်ရာများ၊ ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ ပြေးဆွဲနေမှုအခြေအနေများ၊ မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ပဲခူးတိုင်းဒေသကြီးမှ

ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် ရေဘေးကာကွယ်ရေး အသိပညာပေးခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြပ်မတ်လုပ်ဆောင်လျက်ရှိသည်။

**အဓိကတာဝန်**

“ကျွန်တော်တို့ဌာနရဲ့အဓိကတာဝန်က စိုက်ပျိုးရေသိုလှောင်မယ်၊ ပေးဝေမယ်၊ ရေဘေးကာကွယ်ရေး ဆောင်ရွက်မယ်၊ ပြီးတော့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်တာတို့ဖြစ်ပါတယ်။ စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းအောင် ဆည်ရေပေးဝေမှုအပြင် ရေစီးရေလာရှိတဲ့ချောင်းတွေကို ချောင်းပိတ်မြောင်းပိတ်ပြုလုပ်ပြီး စိုက်ပျိုးရေပေးဝေတာ၊ မိုးရာသီဆိုရင် ရေသိုလှောင်ပြီးတော့ ထိန်းညှိတဲ့လုပ်ငန်းကိုလည်း လုပ်ဆောင်ရပါတယ်။ ပြည်ခရိုင်ဟာ မိုးခေါင်တာကြောင့် ပျိုးထောင်ဖို့ရေကအစ လိုအပ်တဲ့စိုက်ပျိုးရေကို ဖြည့်ဆည်းဆောင်ရွက်ပေးရပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ရဲ့ လမ်းညွှန်မှုကို အပြည့်အဝ အကောင်အထည်ဖော်ရာမှာ စိုက်ပျိုးရေဟာအဓိကကဏ္ဍဖြစ်တာကြောင့် နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် တောင်သူတွေလိုအပ်တဲ့ စိုက်ပျိုးရေကို ပေးဝေနိုင်မှုဟာ စိုက်ပျိုးတောင်သူတွေရဲ့ လူမှုစီးပွားဘဝကို အထောက်အကူဖြစ်စေတဲ့ အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်”ဟု ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုဦးက ပြောသည်။

ပဲခူးတိုင်းဒေသကြီးတွင် ယခုမိုးရာသီ၌ မိုးစပါးစိုက်ခင်း ၄၅၀၀၀ ကျော်အား ဒွန်လတတိယပတ်မှစ၍ စိုက်ပျိုးရေပို့လွှတ်ပေးလျက်ရှိကာ ဒီဇင်ဘာလအထိ စိုက်ခင်းများ ရေမပြတ်ရရှိနိုင်ရန် စီမံဆောင်ရွက်ထားကြောင်းနှင့် ပြည်ခရိုင်ရှိ မိုးစပါးဧက ၄၅၀၀၀ ကျော်အား ဆည်တမံများမှ စိုက်ပျိုးရေမပြတ် ပို့လွှတ်လျက်ရှိကြောင်း သိရသည်။

**သတင်း – သစ္စာ(mna)**
**ဓာတ်ပုံ – ပဲခူးဆည်မြောင်း**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇူလိုင် ၁၄

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ **သတင်းစဉ်**

✪ ရှေ့ဖုံးမှ

လှော်ကားကန်ရေတွန်းစက်ရုံမှ ဂါလန်သန်း ၉၀၊ လှည်းကူးမြို့နယ် ညောင်နှစ်ပင် ရေသန့်စင်စက်ရုံမှ ဂါလန်သန်း ၉၀ နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လဂွန်းပြင်ရေသန့်စင်စက်ရုံမှ ဂါလန် ၂၇ သန်း ပါဝင်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ဒလမြို့နယ်သို့ ဒလမြေအောက် ရေပေးဝေရေးစခန်းမှ နေ့စဉ်ဂါလန်တစ်သန်းခွဲနှင့် လှိုင်သာယာမြို့နယ်သို့ သဲဖြူ မြေအောက်ရေပေးဝေရေးစခန်းက နေ့စဉ်ဂါလန် တစ်သန်းခွဲကိုလည်း ဖြန့်ဖြူးပေးလျက်ရှိသည်။

### ခေတ်မီနည်းစနစ်များဖြင့် ကျင့်သုံးဆောင်ရွက်ပေးနေ

ယင်းသို့ သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းကြီးတစ်ခုလုံး ကျန်းမာရေးနှင့်ညီညွတ်သောသောက်သုံးရေများ သုံးစွဲနိုင်ရေးအတွက် ရေပေးဝေမှုစနစ်နှင့် ရေသန့်စင်မှုစနစ်နှစ်ခုလုံးတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ကျင့်သုံးဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်ကြီးတွင် နေ့စဉ်ဖြန့်ဖြူးပေးနေသည့် ရေဂါလန် ၂၃၇ သန်းကို ယခင်နှစ်ကာလကြာမြင့်စွာကတည်းက "ရေသန့်စင်မှုစနစ်" နှင့် "ပိုးမွှားသန့်စင်မှုစနစ်" တို့ကို စနစ်တကျဆောင်ရွက်ပြီးမှသာ ဖြန့်ဖြူးပေးနေခြင်းဖြစ်သည်။

**ရေသန့်စင်ရန်နှင့် ပိုးမွှားသန့်စင်ရန် ဆိုဒီယမ်ဟိုက်ပိုကလိုရိုဒ်ခေါ် ကလိုရင်းဆေးရည်ခတ်ပေးခြင်းမှာ အဓိကကျသောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။**

ကလိုရင်းဆေးရည်ခတ်ခြင်းလုပ်ငန်းကို ရေလှောင်ကန်များမှာကတည်းက ပိုးမွှားသန့်စင်ရေးအတွက် ခတ်ထားပေးပြီးဖြစ်သည်။

သောက်သုံးရေ သန့်စင်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)၊



၁၉၄၀ ပြည့်နှစ်ကတည်ဆောက်ခဲ့သော ဂျိုးဖြူရေလှောင်ကန်ရှိ ဖြန့်ဝေသောရေတွင်ပါဝင်သည့် အနံ့ဆိုးများကို လေထုအတွင်း စက်များဖြင့်သန့်စင်ပေးစဉ်။
ဓာတ်ပုံ – စောသိန်းဝင်း

လှော်ကားရေတွန်းစက်ရုံ (လှော်ကားကန်) ရေကူးရေတွန်းစက်ရုံ (မရမ်းကုန်းမြို့နယ်) နှင့် လဂွန်းပြင်ရေသန့်စင်စက်ရုံ (ဒဂုံမြို့သစ်တောင်ပိုင်း) စသည့် အဓိကနေရာကြီး လေးနေရာတွင် ကလိုရင်းဆေးခတ်ခြင်းဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် ကလိုရင်းဆေးခတ်သည့်လုပ်ငန်းတစ်ခုလုံးအတွက် နေ့စဉ်ကလိုရင်း ၁၁ ကုဗမီတာ ထည့်သွင်းပြီးသန့်စင်ပေးလျက်ရှိသည်။

### စဉ်ဆက်မပြတ် ဖော်ဆောင်ပေးလျက်ရှိ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများအတွက် သောက်သုံးရေ ဖြန့်ဝေပေးရေးလုပ်ငန်းတွင် ရေသန့်စင်စက်ရုံများက ပို့လွှတ်ပေးသောရေများကို အရေးပေါ်ကာလတွင် ရေပြတ်လပ်မှုမရှိစေရေးနှင့် ရေအလျင်အဟုန် (Pressure) အား ကောင်းစွာဖြင့် စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ယခုအခါ သက်ဆိုင်ရာနယ်မြေများအလိုက် အနည်းဆုံးဂါလန်နှစ်သိန်းဆံ့ရေစုကန်မှ ဂါလန်သန်း ၂၀ ဆံ့ ကုက္ကိုင်းရေလှောင်ကန်ကဲ့သို့သော ရေလှောင်ကန်ကြီးအပါအဝင် ရေစုကန်များကို စဉ်ဆက်မပြတ်ဖော်ဆောင်ပေးလျက်ရှိသည်။

စာရေးသူတို့ငယ်စဉ်က မကြာခဏသွားရောက် လေ့လာခဲ့ကြရသည့် တိုက်ကြီးမြို့နယ် ဂျိုးဖြူရေလှောင်ကန်ကြီးသည် လွတ်လပ်ရေးမရမီ ၁၉၄၀ ပြည့်နှစ်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်သို့ ဧရာမပိုက်လိုင်းကြီးများဖြင့် သွယ်တန်းကာ ရေဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ လေ့လာရေးအဖွဲ့ ကျောင်းသားလူငယ်တွေ ဂျိုးဖြူရေလှောင်ကန်ကြီး ရေသန့်စင်စက်ရုံက မိုးပေါ်သို့ ပျံတက်သွားသည့် ရေပန်းများ၊ ရေမှုန်ရေမွှားများကို ကြည့်ကာ ပျော်ရွှင်စွာ တအံ့တသြဖြစ်ခဲ့ကြရသည်။

ယင်းသည် လေထဲ၌ ရေသန့်စင်စနစ်တစ်ခုဖြစ်ကြောင်း နောင်အခါမှ သိရှိနားလည်လာရသည်။ ခေတ်အဆက်ဆက်တွင် ပြည်သူများ၏ ကျန်းမာရေးကို အလေးထားခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း သာဓကဖြစ်ပေသည်။

ယခုအခါတွင် ကလိုရင်းဆေးဖြင့် ပိုးမွှားသန့်စင်သည့် ခေတ်မီစနစ်ကို ကျင့်သုံးလာနိုင်ခဲ့ပြီဖြစ်သည်။ သို့ရာတွင် ကလိုရင်းဆေးခတ်ရာတွင်လည်း ပို၍လို၍ မရပေ။ ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်း (Guide Line) နှင့်အညီသာ ခတ်ကြရခြင်းဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) တွင် နေ့စဉ် ၁၁ ကုဗမီတာနှုန်းဖြင့် စံချိန်နှင့်အညီ ခတ်နိုင်ရန် ကလိုရင်းဆေး ခြောက်လစာအထိရှိနေပြီဖြစ်သည်ဟုသိရသည်။ ယခုအခါ မိုးဖွဲ့ဖြိုင်ဖြိုင်ကျသည့် မိုးလယ်ကာလသို့ ရောက်လာပြီဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းအတွက် လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ကျန်းမာရေးဌာနသည် ရန်ကုန်မြို့တော်နေ ပြည်သူများအတွက်လည်းကောင်း၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသည်။

သို့ပါလျက် မကြာမီရက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်အတွင်းရှိ သဲစုကွင်းအရပ်တွင် ရုတ်တရက်ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု ပေါ်ပေါက်ခဲ့သည်။ သို့ဖြစ်၍ အဆိုပါအခြေအနေကို လေ့လာကြည့်မိသည်။

### ထပ်ဆောင်းပေးနေ

ဒေါပုံမြို့နယ်သည် ယခင်နှစ်များစွာကတည်းက ငမိုးရိပ်ရေလှောင်တမံရေကို သုံးစွဲခွင့်ရခဲ့ပြီး ယခုအခါတွင်လည်း လဂွန်းပြင် ရေသန့်စင်စက်ရုံကပါ ထပ်ဆောင်းပေးနေကြောင်း သိရသည်။

သို့ရာတွင် ယခုဖြစ်ပွားသည့်အရပ်သည် မြို့တော်ရေပေးဝေရေးစနစ်တွင် အကျုံးမဝင်သေးသဖြင့် အခြားနည်းဖြင့်သာ သောက်သုံးရေကို သုံးစွဲနေထိုင်ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ယခုကဲ့သို့ သတ်မှတ်ချက်နှင့်မညီသေး၍ ရေပေးဝေခြင်း မပြုနိုင်သေးသော်လည်း အလားတူမြို့တော်နေအခြားပြည်သူများနည်းတူ ရေပြတ်လပ်မှုမရှိစေရန် ယင်းကဲ့သို့သောဒေသများကို ရေသယ်ယာဉ်ကြီးများဖြင့် သန့်ရှင်းသောရေကို ဖြန့်ဝေပေးလျက်ရှိသည်ဟု သိရသည်။

ကျန်းမာရေးနှင့် ညီညွတ်သောသောက်သုံးရေ၏ သဘာဝမှာ ဖြန့်ဝေစဉ်က ရေသန့်စင်မှုစနစ်နှင့် ပိုးသန့်စင်မှုစနစ်မည်မျှပင်ကောင်းမွန်စေရန် ဆောင်ရွက်ထားသည်ဖြစ်စေ၊ ရေကို လက်ခံရယူသုံးစွဲသော ရေပုံး၊ ရေခွက်၊ ရေအိုး၊ ရေတိုင်ကီစသည်တို့ မသန့်စင်ပါက ကျန်းမာရေးနှင့်လုံးဝညီညွတ်နိုင်မည်မဟုတ်ပေ။

ယခုလည်း လတ်တလောပေါ်ပေါက်ခဲ့ရသည့်အခြေအနေမှ ဆက်လက်ပြန့်ပွားကူးစက်မှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အချိန်မီအချိန်ကိုက် ကျန်းမာရေးပညာပေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခေတ်မီဇဟိုဓာတ်ခွဲခန်းက ရေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်းသာမက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ခေတ်မီဓာတ်ခွဲခန်းကပါ တစ်ပြိုင်တည်းတွင် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိရာ ရေသုံးစွဲသူပြည်သူများကလည်း ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေများကို စည်းကမ်းစနစ်ကျနစွာ သုံးစွဲကြမည်ဆိုလျှင် ရန်ကုန်မြို့တော်ကြီးသည် **"ဘေးကင်းကြည်လင် သန့်စင်ကျန်းမာ"** ဟူ၍ ပျော်ရွှင်ဖွယ်ရပ်ဝန်းကြီးအဖြစ် တည်ရှိနေမည်ဖြစ်ပေသည်။



# ဇလွန်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားများကွင်းဆင်းဆောင်ရွက်

ဇလွန် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ညောင်ပင်ဈေးရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာအောင်၊ ဇလွန်မြို့နယ်ဦးစီးမှူး ဦးဖုန်းနိုင်နှင့် မြို့နယ်ဝန်ထမ်းများက ရပ်ကွက်/ကျေးရွာပြည်သူများတွင် (နိုင်) မရှိသူများကို တစ်ဦးချင်းအလိုက် စိစစ်ခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား လုပ်ထုံးလုပ်နည်းများနှင့် အညီပြုလုပ်ပေးပြီး နိုင်ငံသားကတ်ကိုင်ဆောင်ခြင်းနှင့် ရရှိရမည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောပြီး ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၆ ဦးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဦးငွေ(ဇလွန်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency-CIDCA)၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံ (Second High-Level Conference of the Forum on Global Action for Shared Development)ကို တက်ရောက်ခဲ့သည်။

**တက်ရောက်**

အဆိုပါ ညီလာခံသို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဗဟိုနိုင်ငံခြားရေးရာ ကော်မရှင်ရုံးအကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi၊ တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA)ဥက္ကဋ္ဌ Mr. Luo Zhaohui၊ ဖိတ်ကြားထားသော အာရှနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ အဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်နှစ်ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(CIDCA)မှ တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုခြင်း အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**ပါဝင်ဆွေးနွေး**

ဖိုရမ် ပထမနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဆိုပါဖွင့်ပွဲအခမ်းအနား အပိုင်း-၁၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှုများ (Joint Actions to Promote the Sustainable Development) ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် အပြန်အလှန်ဆွေးနွေးခြင်း အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးအနေဖြင့် အီဂျစ်နိုင်ငံ၊ အီသီယိုပီးယားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ပါပူအာနယူးဂီနီနိုင်ငံတို့မှ ဝန်ကြီးများ၊ အာရှအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်(AIIB)မှ ဒုတိယဥက္ကဋ္ဌ၊ အမေရိကန် ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ်မှ ဆင်းရဲမှုပပျောက်ရေးပညာရှင် (ပါမောက္ခ/ဌာနကြီးရေးမှူး)တို့နှင့် အတူ ပါဝင်ဆွေးနွေးခဲ့သည်။**(အပေါ်ပုံ)**




ဇူလိုင် ၁၂ ရက် ညနေပိုင်းတွင် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး အပါအဝင် နိုင်ငံအသီးသီးမှ အဆင့်မြင့် ကိုယ်စားလှယ် ၁၄ ဦးတို့သည် ပြည်သူ့ခန်းမကြီး(Great Hall of the People)သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အကြိမ်(၂၀)မြောက် ဗဟိုကော်မတီ နိုင်ငံရေးဗျူရို၏ အမြဲတမ်းပါတီအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် H.E. Mr. Ding Xuexiang အား တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်မည့် ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုမျှဝေရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အဖွဲ့ တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ H.E. Mr. Luo Zhaohui ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ဖိုရမ်ခွဲငါးခု**

ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ်အဆင့်မြင့်ညီလာခံ(Second High-Level Conference of the Forum on Global Action for Shared Development)အား ဖိုရမ်ခွဲငါးခု ဖြစ်သည့် ကမ္ဘာ့တောင်ခြမ်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ခေတ်မီဖွံ့ဖြိုးမှုကိုမြှင့်တင်ခြင်း လမ်းကြောင်းသစ်၊ အမြင်သစ်(Promoting Modernization of the Global South: New Pathways, New Visions)၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် ဆန်းသစ်သောနည်းလမ်းများဆိုင်ရာဆွေးနွေးပွဲ-ပိုမိုကောင်းမွန်သော အနာဂတ်အတွက် နိုင်ငံ၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်များ(Dialogue on Innovative Approaches to Accelerating Sustainable Development: Country, Regional and Global Action for a Better Future)၊ စွမ်းအင်အကူးအပြောင်းနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ (Energy Transition and Sustainable Development)အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် ကဏ္ဍစုံမှ ပါဝင်ချိတ်ဆက်ဆောင်ရွက်မှု- စဉ်ဆက်မပြတ် မိတ်ဖက်ဆောင်ရွက်မှုမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုဖြစ်စေရေး (Multi- Sector Engagement in International Development Cooperation: Enabling Global Growth Through Sustainable Partnership)နှင့် မျိုးဆက်များစည်းလုံးခြင်း- ဒစ်ဂျစ်တယ်ခေတ် ကမ္ဘာလုံးဆိုင်ရာလူငယ်များ၏ တာဝန်များမျှဝေခြင်း(Uniting Generations: Shared Global Youth Responsibilities in the Digital Era) ခေါင်းစဉ်တို့ဖြင့် တက်ရောက်လာသည့်နိုင်ငံများနှင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**ပါဝင်တက်ရောက်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံ (Second High-Level Conference of the Forum on Global Action for Shared Development)၏ ပိတ်ပွဲအခမ်းအနားသို့လည်း ပါဝင်တက်ရောက်ခဲ့သည်။

ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(China International Development Cooperation Agency – CIDCA) ဥက္ကဋ္ဌ H.E. Mr. Luo Zhaohui က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား သီးခြား လက်ခံတွေ့ဆုံခဲ့ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော အဖွဲ့နှင့် CIDCA ဒုတိယဥက္ကဋ္ဌ Mr. Yang Weiqun ဦးဆောင်သောအဖွဲ့သည် နှစ်နိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. OUYANG Daobing တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# မိတ္ထီလာမြို့မဈေးကြီးအတွင်း အသားရုံများ၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**မိတ္ထီလာ ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အသားရုံများ၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးနေမှုများကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

မြို့မဈေးကြီးအတွင်းရှိ ဝက်သားရုံ၊ ဆိတ်သားရုံနှင့် အမဲသားရုံများတွင် ဈေးရောင်းချသူများက ဈေးဝယ်လာသူများအား ဝက်သား၊ ဆိတ်သား၊ အမဲသား၊ ကြက်သား၊ ငါးနှင့် ကြက်ဥများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဇော်အောင်လေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)မှ ဖိတ်ခေါ်ပါသည်

သီသီသောင်း

အထိမ်းအမှတ်ပြတိုက်ဟူသည် နိုင်ငံ့သမိုင်းကြောင်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုကို လှုံ့ဆော်ပေးသည့်၊ ထူးခြားထင်ရှားသည့် အရေးပါသော လူပုဂ္ဂိုလ်များ၊ သမိုင်းဝင်ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်၊ နေရာ၊ အဆောက်အအုံကို အများပြည်သူတို့ အမြဲအမှတ်ရနိုင်စေရန် တည်ဆောက်ထားသော ပြတိုက်အမျိုးအစားပင် ဖြစ်ပါသည်။

ထိုနိုင်ငံ့သူရဲကောင်းတို့၏ မေ့မရဖွယ် အမှတ်တရများကို မမေ့မလျော့ဘဲ အမြဲမှတ်မိစေရန်၊ ထိုသူတို့၏သမိုင်းဂုဏ်ရောင်ပြောင်မြောက်သည့် ကြိုးပမ်းမှုများကို ဂုဏ်ပြုရန်၊ လာရောက်လေ့လာသူ ဧည့်ပရိသတ်များက မိမိနိုင်ငံ၏ မော်ကွန်းတင်သည့် ရာဇဝင်သမိုင်းကြောင်းများကို ပိုမိုနားလည်သိရှိလာစေရန်အတွက် ပြည်သူလူထုအား အသိပညာပေးနိုင်ရန် ရည်ရွယ်၍ အထိမ်းအမှတ်ပြတိုက် (Memorial Museum)တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

အထိမ်းအမှတ်ပြတိုက်များ ထွန်းကားလာခြင်းသည် နိုင်ငံ့သူရဲကောင်းများ၏ ဘဝဖြစ်စဉ်များနှင့် ထိုသူတို့၏အရေးပါမှုကို တစ်ကမ္ဘာလုံးက သိရှိနိုင်သည့် စုပေါင်းဝိသေသလက္ခဏာ (collective identity) နှင့် စဉ်ဆက်မပြတ် ရှင်သန်လာစေခြင်း (continuity) ပင်ဖြစ်သည်။ ထိုပြတိုက်များသည် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အောက်မေ့ဖွယ် အမှတ်ရစရာများကို ဂုဏ်ပြုရန်နှင့် ထိုသူတို့ကို ကိုယ်စားပြုသည့် သမိုင်းတစ်ခေတ်ရေစီးကြောင်းကို နက်နဲစွာ နားလည်သဘောပေါက်ရန် သိလိုသူများအတွက် လေ့လာရာနေရာများ ဖြစ်လာပါသည်။ ဆိုရလျှင် ထိုသူတို့သေဆုံးပြီးနောက် အထိမ်းအမှတ်ပြတိုက်အဖြစ် ထိန်းသိမ်းထားသော ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦး၏ အိမ်သည် ထိုသူတို့နေထိုင်ခဲ့သည့် လူနေမှုဘဝနှင့် ထိုသူတို့၏ ရာဇဝင်တွင်သည့် သမိုင်းကြောင်းဆိုင်ရာ အချက်အလက် မှတ်တမ်းများကို အများပြည်သူတို့ နှလုံးသားဆီ ထိုးထွင်းသိမြင်မှု ပေးစွမ်းစေနိုင်ပါသည်။

အထိမ်းအမှတ်ပြတိုက်များ၏ ပြတိုက်ပညာပေးရေးမှာ ဘက်စုံကျယ်ပြန့်ပြီး နိုင်ငံ့သူရဲကောင်းများ၏ သမိုင်းကြောင်းများ၊ နိုင်ငံ့ခေါင်းဆောင်များအား အမှတ်ရမှုများကို ထိန်းသိမ်းရုံသာမက ထိုသူတို့၏ လုပ်ဆောင်ချက်များနှင့် ထိုသူတို့ရပ်တည်ခဲ့သည့် တန်ဖိုးများအပေါ် နိုင်ငံသားတို့၏ ရောင်ပြန်ဟပ်စေမှုများအပြင် ထိုသူတို့၏ကြိုးပမ်းမှုများမှတစ်ဆင့် ရာဇဝင်သမိုင်း မော်ကွန်းထိုးနိုင်သည့် အမှတ်တရများ၊ မျိုးချစ်စိတ်ဓာတ်နှင့် ခေါင်းဆောင်မှု၏ အရေးပါမှုကို လူ့အဖွဲ့အစည်းအတွင်း ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်လာစေရန် ပြတိုက်ပညာပေးခြင်း အခန်းကဏ္ဍသည် အရေးကြီးလှပေသည်။



ပြတိုက်အတွင်းဧည့်ခန်းထဲမှ ဗိုလ်ချုပ်စာဖတ်နေဟန် ဆီလီကွန်ရုပ်တု။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် အထိမ်းအမှတ်ပြတိုက် အမျိုးအစားတွင်ပါဝင်ပြီး မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့အထိ နေထိုင်ခဲ့သည့်နေအိမ်အား အထိမ်းအမှတ်ပြတိုက်အဖြစ် ဖွင့်လှစ်ခင်းကျင်းပြသထားခြင်းပင်ဖြစ်ပါသည်။ ပြတိုက်၏ တည်နေရာမှာ အမှတ်-၂၅၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၌တည်ရှိပြီး ၂ ဒသမ ၄၂၃ ဧကကျယ်ဝန်းသည့် ဘဲဥပုံသဏ္ဍာန်(Oval Shape) မြေကွက်ပေါ်ရှိ ၁၈ပေမြင့်သော ကုန်းမြင့်ပေါ်တွင် ၂၀ ရာစု ဥရောပပုံစံ ဗိသုကာလက်ရာဒီဇိုင်းများဖြင့် ၁၉၂၀-၁၉၂၁ ခုနှစ်ခန့်တွင် တည်ဆောက်ထားသည့် အဆောက်အအုံ ဖြစ်ပါသည်။

၁၉၅၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ထံမှ ပရိဘောဂပစ္စည်း ၅၃ မျိုးနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို စုဆောင်းရရှိခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကိုယ်တိုင် ပစ္စည်းများကို မူလပုံစံအတိုင်း နေရာချ ခင်းကျင်းပေးခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အဖြစ် စတင်ဖွင့်လှစ်ပြသခဲ့ပါသည်။



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ပြတိုက်ပေါ်တက်ရန် အုတ်လှေကား။

**ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို စတင်လေ့လာရသော်**

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အဝင်မှ ကုန်းတစ်လျှောက် တက်လမ်းအတိုင်းတက်လျှင် ကုန်းပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်အဆောက်အအုံသို့တက်ရမည့် အမိုးမိုးထားသည့် အုတ်လှေကားသို့ ရောက်ပါသည်။ အုတ်လှေကား၏ထိပ် စင်္ကြံလမ်း၏ ညာဘက်နံရံတွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သမိုင်းကြောင်းကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရှင်းလင်းပြသထားပြီး စင်္ကြံလမ်း၏ ဘယ်ဘက်နံရံပေါ်တွင် နေအိမ်အောက်ထပ်နှင့် အပေါ်ထပ်ဖွဲ့စည်းပုံ (Floor Plan) ရှိပါသည်။

**ထမင်းစားခန်း**

ပထမဦးဆုံး ထမင်းစားခန်းသို့ ဝင်ရောက်လေ့လာသောအခါ ဗိုလ်ချုပ်၏ ဇာတာ၊ ဗိုလ်ချုပ်ငယ်ဘဝက နေထိုင်ခဲ့သော နတ်မောက်မြို့မှ နေအိမ်ပုံစံငယ်၊ဘုံဘေဘားမားအိမ်ထောင်ပရိဘောဂတိုက် ရန်ကုန်မြို့တံဆိပ်ပါ အပိုင်းသုံးဆက်ဒီဇိုင်း ကျွန်းထမင်းစားပွဲခုံအရှည်နှင့် ကျွန်းကုလားထိုင် ၁၀ လုံး၊ စတုရန်းပုံ နှစ်ထပ်ဗီရိုထဲတွင် ဗိုလ်ချုပ်မိသားစုအသုံးပြုခဲ့သော မူရင်းပန်းကန်လုံး၊ ပန်းကန်ပြား၊ ကရား၊ ငွေဖြင့်ပြုလုပ်ထားသည့် ဇွန်းခက်ရင်းများ၊ Made in England တံဆိပ်ပါ ပန်းကန်များ စသည့်ထမင်းစားခန်းသုံးပစ္စည်းများ ထည့်သွင်းပြသထားပါသည်။

ထို့ပြင် ထမင်းစားခန်းအဝင်ဝ၌ ဖြုတ်၍ တပ်၍ရသော ကျွန်းလင်ပန်းအရှင် တွဲလျက်ပါရှိပြီး အောက်တွင် ရွှေ့လျားနိုင်သည့် ဘီးလေးလုံးပါ ကျွန်းသုံးဆင့်ပစ္စည်းတင်စင်ကို တွေ့ရှိရမည် ဖြစ်သည်။ ၎င်းတွန်းလှည်းဖြင့် စားသောက်ဖွယ်ရာများကို စားဖိုဆောင်မှသယ်ဆောင်လာပြီး တည်ခင်းဧည့်ခံခဲ့သည်ဟု ခန့်မှန်းရပါသည်။ ပန်းကန်များ တစ်ချပ်နှင့်တစ်ချပ်ကြားတွင် မကွဲစေရန် ကြားခံထည့်ထားသည့် ၁၉၅၈-၁၉၅၉ ခုနှစ်ထုတ် သတင်းစာများကို တွေ့ရှိရခြင်းဖြင့် ထိုခေတ်ကာလ၏ နိုင်ငံရေး အခြေအနေပုံရိပ်များကို မြင်တွေ့ရမည် ဖြစ်ပါသည်။

စားပွဲပေါ်တွင် “ကြည် ပဲပြုတ်နှင့်နံပြားရရင် စားချင်တယ်”ဟု ဗိုလ်ချုပ် လက်မှတ်ရေးထိုးထားသည့်စာနှင့်အတူ ပဲပြုတ်နှင့်နံပြား ပြင်ဆင်ထားပုံကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ ကျောင်းသားဘဝ၊ မိသားစုဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝစသဖြင့် ဗိုလ်ချုပ်၏ ဘဝဖြစ်စဉ်များကို မြန်မာ- အင်္ဂလိပ်နှစ်ဘာသာဖြင့် ရှင်းလင်းပြသထားပါသည်။

၎င်းနေရာတွင် ဗိုလ်ချုပ်မွေးဖွားသည်မှ ကျဆုံးသည့်အချိန်အထိ ဘဝဖြစ်စဉ်အကျဉ်းချုပ်ကို ဖော်ပြရသော်-

“မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ခရစ်သက္ကရာဇ် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၂၇၆ ခုတပေါင်းလဆန်း ၁ ရက် စနေနေ့) နံနက် သုံးချက်တီးအချိန်တွင် မကွေးတိုင်း နတ်မောက်မြို့ မြို့သူကြီးအိမ်၌ သန့်စင်ဖွားမြင်သည်။ ဗေဒင်ဆရာက ဇာတာတွင် ထိန်လင်းဟု အမည်ရေးသော်လည်း အစ်ကိုဖြစ်သူ အောင်သန်းနှင့်လိုက်ဖက်အောင် အောင်ဆန်းဟု ခေါ်တွင်ပါသည်။

၁၉၂၂ ခုနှစ်(အသက် ခုနစ်နှစ်)တွင် နတ်မောက်မြို့ ဆရာတော်ဦးသောဘိတထံတွင် မူလတန်းပညာ စတင်သင်ကြားခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှ အထက်တန်းအောင်ကာ ရန်ကုန်တက္ကသိုလ် တက်ရောက်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ခုံအမှတ် ၅၆ ဖြင့် ဝိဇ္ဇာတန်းအောင်မြင်ခဲ့ပြီး ဥပဒေပညာကို ဆည်းပူးလိုသောကြောင့် ၁၉၃၇-၁၉၃၈ ခုနှစ်တွင် ဘီအယ်လ်တန်းကို တက်ရောက်သင်ကြားခဲ့ပါသည်။

၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်ကာ တို့ဗမာအစည်းအရုံးဝင် သခင်တစ်ယောက်အဖြစ် နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ ဝင်ခဲ့သည်။

စာမျက်နှာ ၇ သို့ ☆

**“အထိမ်းအမှတ်ပြတိုက်များ၏ ပြတိုက်ပညာပေးရေးမှာ ဘက်စုံကျယ်ပြန့်ပြီး နိုင်ငံ့သူရဲကောင်းများ၏ သမိုင်းကြောင်းများ၊ နိုင်ငံ့ခေါင်းဆောင်များအား အမှတ်ရမှုများကို ထိန်းသိမ်းရုံသာမက ထိုသူတို့၏ လုပ်ဆောင်ချက်များနှင့် ထိုသူတို့ရပ်တည်ခဲ့သည့် တန်ဖိုးများအပေါ် နိုင်ငံသားတို့၏ ရောင်ပြန်ဟပ်စေမှုများအပြင် ထိုသူတို့၏ ကြိုးပမ်းမှုများမှတစ်ဆင့် ရာဇဝင်သမိုင်း မော်ကွန်းထိုးနိုင်သည့် အမှတ်တရများ၊ မျိုးချစ်စိတ်ဓာတ်နှင့် ခေါင်းဆောင်မှု၏ အရေးပါမှုကို လူ့အဖွဲ့အစည်းအတွင်း ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်လာစေရန် ပြတိုက်ပညာပေးခြင်း အခန်းကဏ္ဍသည် အရေးကြီး”**

☆ စာမျက်နှာ ၆ မှ

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့ ညနေစောင်း ၅ နာရီတွင် မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီယူရန် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် နော်ဝေပိုင် ဟိုင်လီ (Hai Lee) သင်္ဘောဖြင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ အမွိုင်သို့ ထွက်ခွာသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်း၍ ဗိုလ်တေဇ အမည်ကို ခံယူသည်။

၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက် နေ့လယ် ၂ နာရီတွင် ဂျပန်ခေတ် ဆေးရုံကြီးအရှေ့ဘက် အစွန်ဆုံးခန်းမဆောင်တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်မင်္ဂလာပွဲကျင်းပကာ သားသမီးလေးဦး ထွန်းကားခဲ့ပါသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော်အစိုးရအဖွဲ့၌ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘုရင်ခံ၏အမှုဆောင်ကောင်စီ၌ ဒုတိယသဘာပတိရာထူးကို လက်ခံသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးစီးကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအစိုးရဝန်ကြီးချုပ် မစ္စတာအက်တလီတို့ ဘိလပ်၌ အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသား သွေးစည်းညီညွတ်ရေးအတွက် ပင်လုံသဘောတူညီချက်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၂ ဦး လက်မှတ်ရေးထိုးသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ လူထုအစည်းအဝေးကျင်းပ၍ ဗိုလ်ချုပ်အောင်ဆန်းက လက်ရှိ တိုင်းပြုပြည်ပြုလွှတ်တော်ပုံသဏ္ဌာန်နှင့် လွတ်လပ်ရေး တစ်နှစ်အတွင်းရစေရန် အာမခံကြောင်း မိန့်ခွန်းပြောကြားသည်။ (ဤမိန့်ခွန်းသည် ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်ခွန်းဖြစ်သည်။)

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အစည်းအဝေးပြုလုပ်နေစဉ် ဂဠုန်ဦးစော၏နောက်လိုက် လူသတ်သမားများ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးအုန်းမောင်နှင့် ရဲဘော် ကိုထွေးတို့ ကျဆုံးသည်။"

ထမင်းစားခန်းတွင် အထက်ပါအကြောင်းအချက်များကိုလေ့လာပြီးသော်

**ဧည့်ခန်း**

ဗိုလ်ချုပ်နေအိမ်၏ဧည့်ခန်းသို့ ရောက်ရှိရာ ပန်းချီဆရာကြီး ဦးငွေကိုင် ရေးဆွဲခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း စိုက်ပျိုးရေးပြုလုပ်နေဟန် "အိမ်နောက်ဖေးဈေးဆိုင်တည်" ဆီဆေးပန်းချီကားကြီး၊ ဗိုလ်ချုပ်ကိုယ်တစ်ပိုင်းပုံ ပလာစတာရုပ်တု၊ ဗိုလ်ချုပ်အသုံးပြုခဲ့သော စားပွဲနှင့် ထိုင်ခုံဆက်တီများ၊ တင်ခုံပေါ်တွင် ဗိုလ်ချုပ်နားထောင်ခဲ့သည့် (Philip) အမျိုးအစားရေဒီယို၊ ဗိုလ်ချုပ်စာဖတ်နေဟန် ဆီလီကွန်ရုပ်တုကို ဗိုလ်ချုပ်အပန်းဖြေစဉ် အသုံးပြုသော နှစ်ဆင့်ပါစာအုပ်တင်ခုံ၊ လောင်းကုတ်ဝတ်ဆင်ထားသည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ မတ်ရပ်ပန်းချီကား နောက်ခံထားကာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၊ သားဦး အောင်ဆန်းဦး၊ သားလတ် အောင်ဆန်းလင်းတို့ ရိုက်ထားသော မိသားစုဓာတ်ပုံတို့ကို ပြသထားပါသည်။

ဧည့်ခန်းမှအထွက် လှေကား၏ဘေးတွင် ဗိုလ်ချုပ်အောင်ဆန်း ဖိနပ်ထိုင်စီးရာတွင် အသုံးပြုခဲ့သည့် ကုလားထိုင်ကိုလည်း ပြသထားပါသည်။ ဧည့်ခန်းထောင့်တွင် ဗိုလ်ချုပ်နှင့်အဖွဲ့ အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရန် လန်ဒန်သို့အသွား အိန္ဒိယနိုင်ငံသို့ဝင်ရောက်၍ နိုင်ငံရေးကိစ္စများ ဆွေးနွေးစဉ် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဂျဝါဟလ်လာ မစ္စတာနေရူးက ဗိုလ်ချုပ်အောင်ဆန်းအား ၅-၁-၁၉၄၇ ရက်နေ့တွင် လက်ဆောင်ပေးအပ်ခဲ့သော သက္ကလပ်လောင်းကုတ်အင်္ကျီကို မတ်ရပ်မှန်ဗီရိုအတွင်း ပြသထားပြီး ၎င်းကုတ်အင်္ကျီပေါ်ရှိ ကြယ်သီးတွင် အိန္ဒိယဆေးပညာဆိုင်ရာ ဌာနအမည်နှင့် GRJ စာလုံးအမှတ်အသားပါရှိကာ ကုတ်အင်္ကျီသက်တမ်းမှာ ၇၇ နှစ်ကျော်ရှိပြီ ဖြစ်ပါသည်။

**ဗိုလ်ချုပ်ဇနီးမောင်နှံ အိပ်ခန်း**

အပေါ်ထပ်သို့ လှေကားမှ ဆက်လက်တက်လာရာတွင် လှေကားထိပ်ဘယ်ဘက် ဗိုလ်ချုပ် ဇနီးမောင်နှံအိပ်ခန်းတွင် မှန်တင်ခုံ တစ်ခု၊ ကျွန်းသားနှင့် ပြုလုပ်ထားသော လေးဆင့်မှန်ဗီရို တစ်လုံးထဲတွင် ဗိုလ်ချုပ်ဝတ်ဆင်အသုံးပြုခဲ့သော အဝတ်အစား၊ စစ်ယူနီဖောင်း၊ အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်တို့ ဇနီးမောင်နှံအိပ်သော ကျွန်းခုတင်နှင့် မွေ့ရာ၊ ခေါင်းအုံးနှစ်လုံး၊ ခြင်ထောင်တို့ကို ပုံစံမပျက် ခင်းကျင်းပြသထားပြီး ခုတင်ခြေရင်းတွင် အဝတ်လှန်းစင်တစ်ခုကို တွေ့ရပါသည်။

၎င်းနှင့်ကပ်၍ ဗီရိုတွင် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေဖြင့် နိုင်ငံ့ကိစ္စများအတွက် အရေးပေါ်ခရီးထွက်ရာတွင် ယူဆောင်ရမည့် အဝတ်အစား အသုံးအဆောင်များ အဆင်သင့်ထည့်ထားသည့် သားရေသေတ္တာနှင့် ၎င်းသေတ္တာတွင်းရှိ စစ်အင်္ကျီနှစ်ထည်၊ ပိုးအင်္ကျီတစ်ထည်၊ စွပ်ကျယ်လက်စက နှစ်ထည်၊ ပိုးပုဆိုး သုံးထည်၊ အတွင်းခံဘောင်းဘီတို ခုနှစ်ထည်၊ ဘောင်းဘီတို နှစ်ထည်၊ အိပ်ရာခင်းတစ်ထည်၊ စောင်တစ်ထည်၊ ချည်သားစပို့ရှပ်အင်္ကျီနှစ်ထည်၊ စွပ်ကျယ်တစ်ထည်၊ လက်ကိုင်ပဝါတစ်ထည်စသည်တို့တွေ့ရပြီး ထူးခြားချက်အနေဖြင့် အချို့သော အဝတ်အစား၊ အသုံးအဆောင်များတွင် ဗိုလ်ချုပ်အောင်ဆန်း၏အမည်အတိုကောက် AS ဆိုသည့် စာလုံးရေးထိုးထားသည့် အဝတ်အထည်များကိုလည်း တွေ့ရပေသည်။

**ဘုရားဆောင်**

ဗိုလ်ချုပ်ပြတိုက်၏ သက်တမ်းသည် နှစ်ပေါင်းရာကျော်နေပြီဖြစ်သဖြင့် ပြတိုက် ရေရှည်တည်တံ့စေရန်နှင့် ပြတိုက်၏ကြံ့ခိုင်မှုအတွက် ဘုရားဆောင်ပေါ်သို့ အများပြည်သူတို့ တက်ရောက်ခွင့်မပြုနိုင်ပါသဖြင့် အခန်းထောင့်တွင် အပေါ်ထပ်ဘုရားဆောင်သို့တက်သည့် လှေကားဘေးရှိ ဘုတ်ပြားပေါ်တွင် ဗိုလ်ချုပ်နတ်မောက်မြို့၌ နေထိုင်ခဲ့စဉ်က ကိုးကွယ်ခဲ့သော ဗုဒ္ဓဆင်းတုတော်ပုံ၊ ဗိုလ်ချုပ်၏ ဘုရားဆောင်မှ ဘုရားစင်ပုံ၊ ဘုရားဆောင် ပြတင်းပေါက်မှ ဖူးမြင်ရသော ရွှေကြက်ယက်ဘုရားရှုခင်း



ပြတိုက်အောက်ထပ်ဧည့်ခန်းအတွင်းမှ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် မိသားစုဓာတ်ပုံများ။

ပုံနှင့် ရွှေတိဂုံဘုရားရှုခင်းပုံများအား ကြည်ညိုဖွယ် ပြသထားပါသည်။

**စာကြည့်ခန်း**

စာကြည့်ခန်းသို့ ဆက်လက်လေ့လာလျှင် ဗိုလ်ချုပ်စာရေးသော စာရေးစားပွဲခုံနှင့် ထိုင်ခုံတစ်လုံးစီ ခင်းကျင်းပြသထားရာ စားပွဲခုံကြီး၏ ဘေးတစ်ဖက်စီတွင် စာအုပ်တင်စင် အလွတ်တစ်လုံးစီ ရှိပါသည်။ စားပွဲခုံ၏ ရှေ့တွင်လည်း ထိုင်ခုံနှစ်လုံး ချထားပါသည်။

စာကြည့်စားပွဲခုံ၏ဘေးနံရံတွင် အဆင့်လေးဆင့်ပါရှိသော စာအုပ်ဗီရိုကြီးထဲ၌ စွယ်စုံကျမ်းများ၊ စစ်သမိုင်းများ၊ ဘောဂဗေဒကျမ်းများ၊ နိုင်ငံရေးဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပထဝီဝင်ဆိုင်ရာ စာအုပ်များ ပြသထားရာ အများဆုံးမှာ နိုင်ငံရေးဆိုင်ရာ စာအုပ်များဖြစ်ပြီး အင်္ဂလိပ်ဘာသာ ၂၃၉ အုပ်၊ မြန်မာဘာသာနှစ်အုပ် စုစုပေါင်း ပြတိုက်စာရင်းအရ ဗိုလ်ချုပ်ဖတ်ရှုလေ့လာခဲ့သောစာအုပ် ၂၄၁ အုပ် တွေ့ရပေသည်။

မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ်နှစ်အုပ်မှာ သုသောဘိသရာဇဝင်နှင့် မဏိကုဏ္ဍလဝတ္ထုတို့ဖြစ်ပြီး အင်္ဂလိပ်ဘာသာစာအုပ်များအနက် ၁၈၉၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေထားသည့် With the Jungle Folk စာအုပ်သည် အစောဆုံးပုံနှိပ်ထုတ်ဝေသည့် စာအုပ်ဖြစ်ပြီး မြန်မာ့ကျေးလက်နေပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအကြောင်း သရုပ်ဖော် ရေးသားထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကျဆုံးချိန်တွင် အသက် ၃၂ နှစ်သာ ရှိသေးသော်လည်း ဗိုလ်ချုပ်ဖတ်ခဲ့သည့် စာအုပ်များမှာ အင်္ဂလိပ်ဘာသာဖြင့် အများအပြားတွေ့ရှိရပြီး ဘာသာရပ်စုံ လေ့လာဖတ်ရှုခဲ့သည်ကို တွေ့ရှိရသဖြင့် ဗိုလ်ချုပ်၏ စာဖတ်အားကောင်းမှုကို ယနေ့လူငယ်များ အားကျအတုယူဖွယ် ဖြစ်ပါသည်။

**❛❛မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ်နှစ်အုပ်မှာ သုသောဘိသရာဇဝင်နှင့် မဏိကုဏ္ဍလဝတ္ထုတို့ဖြစ်ပြီး အင်္ဂလိပ်ဘာသာစာအုပ်များအနက် ၁၈၉၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေထားသည့်** With the Jungle Folk **စာအုပ်သည် အစောဆုံးပုံနှိပ်ထုတ်ဝေသည့်စာအုပ်ဖြစ်ပြီး မြန်မာ့ကျေးလက်နေပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအကြောင်း သရုပ်ဖော်ရေးသားထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကျဆုံးချိန်တွင် အသက် ၃၂ နှစ်သာရှိသေးသော်လည်း ဗိုလ်ချုပ်ဖတ်ခဲ့သည့်စာအုပ်များမှာ အင်္ဂလိပ်ဘာသာဖြင့် အများအပြားတွေ့ရှိရပြီး ဘာသာရပ်စုံလေ့လာဖတ်ရှုခဲ့သည်ကို တွေ့ရှိရသဖြင့် ဗိုလ်ချုပ်၏ စာဖတ်အားကောင်းမှုကို ယနေ့လူငယ်များ အားကျအတုယူဖွယ်ဖြစ်❜❜**

**ကလေးများအိပ်ခန်း**

ကလေးများအိပ်ခန်းနံရံ၏ ထောင့်တွင် ကိုယ်လုံးပေါ်မှန်၊ အဝတ်လှန်းစင်တစ်ခု၊ အောင်ဆန်းလင်း အဝတ်အစားများထည့်ထားသော ဗီရိုတစ်လုံးတို့ရှိပါသည်။ ထို့နောက် စိန့်ပေါလ်ကျောင်း (ယခု အထက(၆) ဗိုလ်တထောင်)တွင် ဒုတိယတန်းတက်နေသည့် အောင်ဆန်းလင်း၏ ကျောင်းသင်ခန်းစာ ဖတ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကိုပြသထားရာ ထိုခေတ်၏ ဒုတိယတန်းတွင် သင်ကြားသော သမိုင်း၊ ပထဝီ၊ သင်္ချာ၊ အင်္ဂလိပ်စာသင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ် အဆင့်မြင့်မားမှု၊ စနစ်ကျမှုကိုလည်း တွေ့မြင်နိုင်ပေသည်။

ထိုစဉ်က အသုံးပြုခဲ့သည့် စီးကရက်ဘူးခွံများကို ကလေးများကစားရန် ကစားစရာကတ်လေးများ (Playing Card) ပြုလုပ်ပေးထားသည့်ကတ်များကိုလည်း ပြသထားပြီး အချို့ကတ်များတွင် ကလေးများ၏နာမည် အတိုကောက်စာလုံးများဖြစ်သည့် ASL, ASU ဟု ရေးထိုးထားသည်ကို တွေ့မြင်ရပါသည်။ ထို့ပြင် အောင်ဆန်းလင်းရေနစ်သေဆုံးသည့် ၁၆-၁-၁၉၅၃ ရက်နေ့တွင် စာသင်ကြားခဲ့သည့် လက်ရေးမူကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် မှန်ဗီရိုဖြင့် ထည့်သွင်းပြသထားပါသည်။

၎င်းအိပ်ခန်းအလယ်တွင် အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ အောင်ဆန်းစုကြည်တို့အိပ်သည့် ခုတင်သုံးလုံးကို မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင်များဖြင့် ခင်းကျင်းပြသထားပါသည်။ ဤအခန်းတွင် ဗိုလ်ချုပ်ပြတိုက်သမိုင်းကြောင်း၊ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ ကျောင်းသားဘဝ၊ မိသားစုဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ စသဖြင့် ဗိုလ်ချုပ်၏ ဘဝဖြစ်စဉ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်လည်းကောင်း၊ မိန့်ခွန်းများ၊ လက်ရေးမူများ၊ ဗိုလ်ချုပ်ပုံဖြင့် ထုတ်ဝေထားသော ငွေစက္ကူပုံများကိုလည်းကောင်း Touch Screen တွင်ထည့်သွင်း၍ Digital နည်းဖြင့် ပြသထားပါသည်။

**အထူးအစည်းအဝေးခန်း**

ကလေးများ၏ အိပ်ခန်းမှထွက်လျှင် အထူးအစည်းအဝေးခန်းသို့ ရောက်ရှိပါသည်။ အစည်းအဝေးခန်းမတွင် လက်တင်ကျောမှီ ပက်လက်ထိုင်ခုံနှင့် စာအုပ်တင်ခုံတစ်လုံးရှိပြီး အလယ်တွင် စားပွဲဝိုင်းနှင့် ထိုင်ခုံလေးလုံးကို ခင်းကျင်းထားပြီး စားပွဲဝိုင်း၏ အနောက်ဘက်နံရံပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားဖော်ပြထားပါသည်။ ဗိုလ်ချုပ်အသက်ရှင်စဉ်ကာလ ဤအိမ်ကြီးတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် သမိုင်းဝင် အရေးကြီးသည့်အစည်းအဝေးများ ကျင်းပခဲ့ကြောင်း မြန်မာ့ရာဇဝင်သမိုင်းတွင် လေ့လာရပေသည်။ **စာမျက်နှာ ၈ သို့** ☆



# ဝေါမြို့နယ်၌ (၇၇)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပ

ဝေါ ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ခြေခံပညာအထက်တန်းကျောင်း (ဝေါ)ရှိ သီရိဇေယျာခန်းမ၌ (၇၇)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ဝေါ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းငွေးက အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်စန်းစန်းအေးက အာဇာနည်နေ့အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။ ထို့နောက် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(ဝေါ)မှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းများမှ ကျောင်းသား ကျောင်းသူ ၁၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကပါလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်နေသည့် အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ထန်းတပင်မြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများကို ဇူလိုင် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထက(ထန်းတပင်) ကျောင်းတွင် ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ ဟောပြောပွဲကိုကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်မြင့်က အာဇာနည်နေ့ အကြောင်း သိကောင်းစရာများကိုတက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား အသိပညာ



ပေးဟောပြောသည်။

ထို့နောက် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ပြိုင်ပွဲများဖြစ်သည့် ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကိုကျင်းပရာ ကဗျာပြိုင်ပွဲသို့ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၂ဦး၊ စာစီစာကုံးပြိုင်ပွဲသို့အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၃ ဦးနှင့် ပန်းချီပြိုင်ပွဲသို့ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၀ တို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်တွင် ဆုများပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

☆ စာမျက်နှာ ၇ မှ

ကလေးများအိပ်ခန်း၊ စာကြည့်ခန်း၊ အထူးအစည်းအဝေးခန်းတို့တွင် သန့်စင်ခန်း၊ ရေချိုးခန်းတွဲလျက်ပါရှိပါသည်။ ချက်ပြုတ်ရန် မီးဖိုချောင်ကို အောက်ထပ်အိမ်မကြီး၏ မြောက်ဘက်တွင် ဆောက်လုပ်ထားပါသည်။

နေအိမ်၏ အနောက်ဘက်ပတ်လမ်းအတိုင်း ဆက်လျှောက်ပါက စိုက်ပျိုးရေးပြုလုပ်နေဟန် ဗိုလ်ချုပ်ရုပ်တုနှင့် သီးပင်စားပင်များ ဝေဆာနေသော ဗိုလ်ချုပ်စိုက်ခင်းကို တွေ့ရမည်ဖြစ်ပါသည်။ စိုက်ခင်းဘေးပတ်လမ်းအတိုင်း ကြည့်ပါက ဗိုလ်ချုပ်၏ ဒုတိယသား အောင်ဆန်းလင်း ရေနစ်ကွယ်လွန်ခဲ့သော ရေကန်ကို တွေ့ရသည်။ ၎င်းရေကန်ရှေ့တွင် "၁၉၅၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဒုတိယသား အောင်ဆန်းလင်း ရေနစ်၍ ကွယ်လွန်ခဲ့သည့်ရေကန်" ဟု ရှင်းလင်းဖော်ပြထားသည့် ဆိုင်းဘုတ်ကို တွေ့ရမည်ဖြစ်ပါသည်။

**ဗိုလ်ချုပ်အသုံးပြုသွားခဲ့သည့် မော်တော်ကား**

၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်ကျဆုံးသည်အထိ အသုံးပြုသွားခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် Wolseley အမျိုးအစား မော်တော်ကားကို ကားဂိုဒေါင်အတွင်း မှန်ဖြင့်ကာရံပြသထားပါသည်။ Wolseley Motors Limited ကုမ္ပဏီကို ၁၉၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဇိမ်ခံကားထုတ်လုပ်ခြင်းဖြင့် ကားဈေးကွက်ကို လွှမ်းမိုးထားသော ကုမ္ပဏီတစ်ခုဖြစ်သည်။ မူလစီးနေသော ဂျစ်ကား အမှတ်(၆၆)အစား ပြောင်းလဲပေးအပ်ခြင်း ဖြစ်သည်။

**(၇၇) နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲခင်းကျင်းပြသရေး**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုနှစ်တွင် (၇၇) နှစ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ယခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် အများပြည်သူ လာရောက်လေ့လာနိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ထိန်းသိမ်းဆောင်ရွက်မှုများ ပြုလုပ်ပြီးဖြစ်သလို အထူးပြပွဲခင်းကျင်းပြသရေး (Special Exhibition) ကိုလည်း နည်းလမ်းနှစ်သွယ်ဖြင့် ခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

(၁) ပုံမှန်ခင်းကျင်းပြသခြင်းပြကွက် (Traditional Exhibition)အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အတက်လမ်းနှင့် အဆင်းလမ်းတွင် ယခင်နှစ်များကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ အသုံးအဆောင်များနှင့် လက်ရေးမူများအား စတစ်ကာ ဗီနိုင်းဘုတ်ပြားများဖြင့် ပြသမည့်ပြကွက်ကို ခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

(၂) အိုင်တီနည်းပညာဖြင့် ခင်းကျင်းမှု ပြကွက် (Digital Exhibition) အနေဖြင့်

(က) အိုင်တီနည်းပညာဖြင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ဗိသုကာဒီဇိုင်းနှင့် မြေယာရှုခင်းများအား Animation Video Clip ပြကွက်၊

(ခ) 3D Holographic Fan ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းများပြကွက်၊

(ဂ) အိုင်တီနည်းပညာဖြင့် Offline Web Page ဖြင့် ပြသမည့်ပြကွက်တွင် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ အများပြည်သူတို့ လာရောက်လေ့လာစဉ် သတိမမူမိသည့်(Hiding Objects) ပြသပစ္စည်းများကို ဓာတ်ပုံရိုက်ကူး ပြသထားသည့် ပြကွက်၊ အိုင်တီနည်းပညာဖြင့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ဗိသုကာဒီဇိုင်းနှင့် မြေယာရှုခင်းများအား Virtual Tour ပြကွက်၊ အိုင်တီနည်းပညာဖြင့် နှစ်အလိုက် အထူးပြပွဲ ခင်းကျင်းပြသသည့် ဓာတ်ပုံမှတ်တမ်းများ ပြကွက်၊

(ဃ) အိုင်တီနည်းပညာဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဗိုလ်ချုပ်အောင်ဆန်းဘဝအကြောင်း ဗဟုသုတရရှိစေရန် ဉာဏ်စမ်းမေးခွန်းလွှာဖြေဆို၍ ဆုလက်ဆောင်များ ပေးခြင်းအပါအဝင် စသည့် အိုင်တီနည်းပညာဖြင့် ခင်းကျင်းမှု ပြကွက်များကို ခင်းကျင်းပြသပါမည်။

အိုင်တီနည်းပညာဖြင့် ခင်းကျင်းမှုပြကွက် (Digital Exhibition) ဖန်တီးမှုအတွက် 55" Interactive Touch Screen ခြောက်လုံးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးကူညီထားပြီး အမျိုးသားပြတိုက်(ရန်ကုန်)မှ ဝန်ထမ်းများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)မှ ပံ့ပိုးကူညီမှုနှင့် Myanmar ICT solution Co.,ltd တို့ ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါသည်။

ယခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) အထူးပြပွဲခင်းကျင်းပြသခြင်း(Special Exhibition)သည် ယခင်နှစ်များနှင့်မတူ နည်းပညာအသုံးပြု ခင်းကျင်းပြသထားရာ ပြည်သူများ လာရောက်လေ့လာပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းဘဝဖြစ်စဉ်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ လေ့လာသိရှိဖွယ် ဗဟုသုတများကို သိရှိနိုင်ပြီး လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များနှင့် တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ် ဖြစ်ပေါ်လာပေမည် ဖြစ်ပေရာ (၇၇)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သို့ လာရောက်လေ့လာပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ကိုးကား**


၁။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ။ မြန်မာ့ရက်စဉ်သမိုင်း (အကြိုသမိုင်းကာလမှ ၁၉၄၅ အထိ) ပထမတွဲ

၂။ ကျော်ငြိမ်း၊ဦး၊ မြန်မာ့သမိုင်းအဖွဲ့။ မြန်မာ့ရက်စဉ်သမိုင်း (၁၉၄၅-၄၈) ဒုတိယတွဲ၊ အပိုင်း(၁)

၃။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ။ (၂၀၂၀)၊ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း

၄။ သီသီသောင်း၊ ဒေါ်၊ (၂၀၂၁၊ ၂၀၂၂)၊ ဆောင်းပါးများ၊ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ

၅။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ပြတိုက်မှူးဘဝ လေ့လာချက်များ

# ပြီးခဲ့သည့် ခရီးသွားရာသီတွင် ပြည်ပခရီးသွားဝင်ရောက်မှု တိုးတက်ခဲ့သောကြောင့် ခရီးစဉ်ဒေသများ တိုးချဲ့ဆောင်ရွက်ပါက ပြည်ပခရီးသွားဝင်ရောက်မှု ပိုမျာ်းလာနိုင်

ရန်ကုန် ဇူလိုင် ၁၄

ပြီးခဲ့သည့် ခရီးသွားရာသီတွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွား ဝင်ရောက်မှု တိုးတက်မှုရှိခဲ့ရာ ခရီးစဉ်ဒေသများ တိုးချဲ့၍ ဈေးကွက်ထဲ၌ Promote လုပ်ပေးပါက လာမည့်ခရီးသွားရာသီ၌ ပြည်ပခရီးသွားဝင်ရောက်မှုပိုများလာနိုင်ကြောင်း မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များ အသင်းမှတာဝန်ရှိသူက သုံးသပ်ပြောကြားသည်။



ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်လာသည့် ပြည်ပခရီးသွားဧည့်သည်အချို့ကို တွေ့ရစဉ်။

"ခရီးသွားကဏ္ဍ တိုးတက်ဖို့အတွက် လာမယ့်ခရီးသွားရာသီအတွင်း မြန်မာနိုင်ငံကို လာရောက်လည်ပတ်နေတဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတွေက ခရီးသွားတွေ လာရောက်လည်ပတ်နိုင်ဖို့ သူတို့ စိတ်ဝင်စားတဲ့ ခရီးစဉ်ဒေသတွေ ဖြစ်တဲ့ ဥပမာ တရုတ်လူမျိုးတွေဆိုရင် မန္တလေး၊ ထိုင်းလူမျိုးတွေဆိုရင် ရန်ကုန်၊ ပဲခူး၊ ကျိုက်ထီးရိုး၊ ဒီလိုခရီးစဉ်တွေကို စိတ်ဝင်စားကြတာများတယ်။ အဲဒါတွေကို ကျွန်တော်တို့ဘက်က တိုးချဲ့ပြီး လုံခြုံစိတ်ချအောင် လုပ်ပေးနိုင်ရင် ခရီးသွားတွေက တက်နေဦးမှာပါပဲ။ နောက်တစ်ခါ ထိုင်းနဲ့ တရုတ်ဆိုရင်လည်း မန္တလေးတစ်ခုတည်းနဲ့သာမဟုတ်ဘဲ ပုဂံအထိလည်ဖို့အတွက် ခရီးစဉ်တိုးချဲ့တာမျိုးတွေ လုပ်သင့်တယ်။ အဲဒါမျိုးဆိုရင် ခရီးသည်တွေ ပိုတိုးလာမယ်လို့ ထင်ပါတယ်။ ပြီးတော့ ထိုင်းနိုင်ငံခရီးသွားတွေကိုလည်း ယခင်ကလို ရန်ကုန်နဲ့ ပဲခူးလောက်ပဲ သွားနေရာကနေ ပုဂံလောက်အထိ သွားနိုင်ဖို့အတွက် ခရီးစဉ်တွေ တိုးချဲ့ပြီး ဈေးကွက်ထဲမှာ Promote လုပ်ဖို့ လိုပါတယ်။ အဲဒီအတွက်ကို ဒီကနေပြီးတော့ ဗန်ကောက်ကနေ မန္တလေး (သို့မဟုတ်) ပုဂံကို လေယာဉ်တိုက်ရိုက်ပြေးဆွဲတာတို့ ဘာတို့ဆိုရင် အဲဒီနိုင်ငံသားတွေက လာရောက်ဖို့ရှိပါတယ်။ လုံခြုံရေးအရ ကောင်းမွန်တဲ့နေရာတွေကို Promote လုပ်သင့်ပါတယ်။ အဲဒါဆိုရင် ခရီးသည်က တိုးလာဖို့ရှိပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိကာလ၌ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွား ဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံမှဝင်ရောက်မှုအများဆုံးရှိနေပြီး ထိုင်းနိုင်ငံနှင့် အနောက်နိုင်ငံတို့မှ ခရီးသွားဝင်ရောက်မှုမှာ မိုးရာသီကာလတွင် ခရီးသွားဝင်ရောက်မှု လျော့နည်းသွားကြောင်း သိရသည်။

"ပြည်ပခရီးသွား ဝင်ရောက်မှုက ပုံမှန်အားဖြင့် နည်းသွားတယ်လို့ပြောရမှာပဲ။ သင်္ကြန်ပြီးကာလကစပြီးတော့ နည်းနည်း နည်းလာတယ်။ တရုတ်နိုင်ငံခရီးသွားတွေကတော့ ထိုက်သင့်သလောက်ရှိနေသေးပေမယ့် ကျန်တဲ့နိုင်ငံတွေက ခရီးသည်၊ အနောက်နိုင်ငံက ခရီးသည်တွေကတော့ ပုံမှန်အားဖြင့် နည်းသွားပြီ။ နောက်တစ်ခါ ထိုင်းနိုင်ငံက ခရီးသွားတွေလည်း နည်းသွားပါတယ်။ အခုလက်ရှိမှာတော့ ပြည်ပနိုင်ငံခရီးသွားဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံက ခရီးသွား ဝင်ရောက်မှုအများဆုံးရှိနေတယ်။ ထိုင်းနိုင်ငံသားတွေလည်း ဝင်ရောက်မှုအချို့ရှိတယ်။ ပြီးတော့ ဒီနိုင်ငံတွေက ထိစပ်နေတာအပြင် စီးပွားရေးလုပ်ငန်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိနေတဲ့အတွက် လာရောက်မှုတွေများနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ပြည်တွင်းမှလည်း ထိုင်းနိုင်ငံသို့ သွားရောက်မှုအများဆုံးဖြစ်နေပြီး စင်ကာပူနိုင်ငံသို့လည်း အလည်အပတ်ကိစ္စအပြင် စီးပွားရေးကိစ္စဖြင့် သွားရောက်မှုများရှိနေကြောင်း ပြောသည်။

"သွားနေတဲ့ ခရီးစဉ်တွေအနေနဲ့ကတော့ ထိုင်းနိုင်ငံကို အများဆုံးဖြစ်တယ်။ စင်ကာပူတို့၊ ဘာတို့ကိုလည်း အလည်အပတ်နဲ့ရော စီးပွားရေးကိစ္စနဲ့ပါ သွားကြတဲ့သူတွေလည်းရှိပါတယ်။ အချို့ စီးပွားရေးလုပ်ငန်းတွေက မိုးရာသီမှာ သူတို့အလုပ်တွေပါးတာမျိုးရှိတော့ ပြည်ပကို မိသားစုလိုက် သွားတာမျိုးတွေ ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် အောက်တိုဘာလကနေ ၂၀၂၄ ခုနှစ် မတ်လအထိ ခြောက်လတာ ကာလအတွင်း ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားဝင်ရောက်မှု များစွာရှိခဲ့ပြီး အခြားနိုင်ငံများမှ ခရီးသွားဝင်ရောက်မှုလည်း ပိုများလာသည်ကို တွေ့ရကြောင်း သိရသည်။

MT

❖ ကျောဖုံးမှ

စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်း၊ မန်ကျည်းရှား စသည့်သစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံးစုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်းအစီအစဉ်သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဟန်သူ၊ နယ်မြေခံလေတပ်စခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း) ဦးဖေချစ်နှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နံနက် ၉ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချသည်။

သစ်စေ့မြေလုံးပြုလုပ်ရန် သစ်မျိုးရွေးချယ်ရာတွင် အပင်ပေါက်ရောက်မှုနှုန်း အနည်းဆုံး ၆၀ ရာခိုင်နှုန်းနှင့် အများဆုံး ၉၀ ရာခိုင်နှုန်း ပေါက်ရောက်ပြီး အပင်ပေါက်ရောက်မှုရာခိုင်နှုန်းကောင်းမွန်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်း၊ မန်ကျည်းရှား စသည့် သစ်မျိုး ကိုးမျိုးကိုသာ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ်စေ့အရွယ်အစားအရ သစ်စေ့မြေလုံးတစ်လုံးလျှင် သစ်စေ့ နှစ်စေ့မှ ငါးစေ့အထိ ထည့်သွင်းဆောင်ရွက်ခဲ့သည်။



သစ်စေ့မြေလုံးများကို ရဟတ်ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှုအထိုက်အလျောက် ထိရောက်မှုရှိပါကြောင်းနှင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များ ပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်ရှင်သန်နိုင်မှုအခြေအနေ စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အာဇာနည်နေ့သန္နိဋ္ဌာန်

❁ လွမ်းတယ်တဲ့ လွမ်းတယ်၊
ဗိုလ်ချုပ်အောင်ဆန်းရယ်နဲ့
အာဇာနည် ပြည်ချစ်ပန်းရယ်တို့
မလန်းမီ ကြွေကာနွမ်းတာကြောင့်
မမေ့နိုင် အခါခါတမ်းကာ
လွမ်းလှပါတယ်၊
အမျက်ပွားပါတဲ့
အဖျက်သမား ဉာဏ်မကျယ်
ကြံရွယ်လို့ အစွယ်သွေး။
အာဏာထူ အာဏာလုချင်တဲ့
မသမာသူ လူတစ်စုရယ်က
ပြုရက်တယ်လေး။

❁ ထမ်းမယ်တဲ့ ထမ်းမယ်၊
ဗိုလ်ချုပ်ကို အခါခါလွမ်းပါလို့
ဗိုလ်ချုပ်လို စိတ်ဓာတ်လျှမ်းကာ
ကျရာဝန် ကျေစတမ်းရယ်နဲ့
သစ္စာတိုင် လက်ဆင့်ကမ်းကာ
ထမ်းဆောင်ကြမယ်၊
ဘိုးဘွားသွေးပေမို့
အမျိုးသားရေး ခင်တွယ်
ကာကွယ်ဖို့ လက်မနှေး။
တို့နိုင်ငံ ရန်အသွယ်သွယ်ရှင်းပါလို့
အဖျက်ရန် အန္တရာယ်ကင်းအောင်
ဖြိုခွင်းမယ်လေး။

❁ လှမ်းမယ်တဲ့ လှမ်းမယ်၊
အသက်သဖွယ် ရည်ဆောင်မှန်းပါတဲ့
ဖက်ဒရယ် ပြည်ထောင်နန်းဆီသို့
သားချင်းစုံ ပြည်ထောင်တစ်ဝန်းမှာလ
အားချင်းဆုံ ညီညာအစွမ်းရယ်နဲ့
လှမ်းချီကြမယ်၊
ဘေးဆိုးပွားစေတဲ့
သွေးထိုးစကား ရှောင်ဖယ်
ဆောင်ရွယ်လို့ နောင်အရေး။
သုံးလီအရေး မသွေဖည်ဘဲ
အခြေတည် ပန်းခင်းလမ်းကိုလ
လျှောက်လှမ်းမယ်လေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၄-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၃-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၄-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၇၇) ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၉)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၄-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၆၆)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၄-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း (၅၂၁)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




## နိုင်ငံရေးပါတီ (၂၃)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ချက်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများအတွင်း မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ (MNDAA/ TNLA/ AA)နှင့် ယင်းအဖွဲ့အစည်းများကို ကူညီဆက်စပ် ပါဝင်ပတ်သက်နေသော အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများအား အဝေးမှလက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်ခြင်း၊ ၎င်းတို့နှင့် လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းအပေါ် နိုင်ငံရေးပါတီ (၂၃)ပါတီက ဇူလိုင် ၁၁ ရက်တွင် ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီနှင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီတို့မှ တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်ရုံး၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးလှသိန်းက လတ်တလော နိုင်ငံအတွင်းဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ အမြန်ဆုံးချုပ်ငြိမ်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မီဒီယာများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းကြရာ ပါတီများမှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေး

ရန်ကုန် ဇူလိုင် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့်အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ယမန်နေ့နံနက်ပိုင်းက အမှတ်(၁၂၄)ရပ်ကွက်သို့ ပန်းခင်းစီမံချက်(၃)ဖြင့် ကျူးကျော်နေထိုင်သူများအား အိမ်ထောင်စုထုတ်ပေးနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းထွန်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက (၁၂၄) ရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးမဉ္ဇူ**

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံ့သော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ-**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ပြည်သူ့ဆေးရုံများသို့သွားရောက်ပြသပါ။

ဇူလိုင်၊ ၂၀၂၄

## ကျုံပျော်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ကျုံပျော် ဇူလိုင် ၁၄

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(၁) ကျုံပျော် ကျောင်းသား ကျောင်းသူများက မြတ်ပညာသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲဖြင့် အဋ္ဌမဆုရသည့် အထက(အင်းရဲ)မှ မစမ်းမေသူနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်ရရှိခဲ့သူများ၊ တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအပါအဝင် ခြောက်ဘာသာမှ တစ်ဘာသာအထိ ဂုဏ်ထူးရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။




**မြို့နယ်(ပြန်/ဆက်)**

# ရွေးကောက်ပွဲမှတစ်ဆင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုဆီသို့ . . .

**- - - - မိုးမြင့် - - - -**

**နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးငှာ နိုင်ငံကို ဒီမိုကရေစီစနစ်ဖြင့် သွားရမည်ဟုဆိုသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း လျှောက်လှမ်းနိုင်မည့် ဒီမိုကရေစီလမ်းကြောင်းနှင့် ကျင့်သုံးနိုင်မည့် ဒီမိုကရေစီကျင့်စဉ်ကို ပုံဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။**

ဒီမိုကရေစီဆိုသည်နှင့် ရွေးကောက်ပွဲကို ယှဉ်တွဲမြင်နေရမည်ဖြစ်၍ ရွေးကောက်ပွဲမရှိဘဲနှင့် ဒီမိုကရေစီစနစ်ကို ဘယ်လိုမျှ တည်ဆောက်၍ မဖြစ်နိုင်သည်ကိုလည်း သိနားလည်ရန် လိုပါသည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီနည်းလမ်းတစ်ခု ဖြစ်သလို တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ခုလည်းဖြစ်သည်။ လူတွေက ဒီမိုကရေစီကို ကြိုက်ကြသည်ဖြစ်၍ ဒီမိုကရေစီကို လိုချင်လျှင် ရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးရမည်သာဖြစ်သည်။

## ဥပဒေနှင့်အညီ နိုင်ငံရေးနည်းဖြင့်သာ

မြန်မာနိုင်ငံသည်လည်း ထို့အတူ။

ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲမှာပင် လှော်ရင်းနစ်ခဲ့ရသည့် ဒီမိုကရေစီစနစ်ကို အာဏာစတင်ထိန်းကတည်းက ပေးထားသည့်ကတိအတိုင်း ပြန်ပြီးအသက်သွင်းဖို့ ကြိုးစားဆောင်ရွက်နေသည်ကို ဘယ်လိုမှ ငြင်းချက်ထုတ်၍မရပါ။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပေးနိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် ပထမအပိုဒ် ဦးဆုံးစာကြောင်းမှာပင် အတိအလင်းဖော်ပြပြီးဖြစ်သည်။

အထွေထွေရွေးကောက်ပွဲပြီးသည်နှင့် ထွက်ပေါ်လာသည့်အစိုးရအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ပြန်လည်လွှဲအပ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မဖျက်သိမ်းခဲ့သလို ပျက်ပြယ်အောင်လည်း ဘယ်တုန်းကမျှ မကြိုးစားခဲ့ပါ။ ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများအတွက်သွားမည့် နိုင်ငံရေးပန်းတိုင်က ဖက်ဒရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု၊ ကျင့်သုံးမည့်စနစ်က မိမိနိုင်ငံသမိုင်းကြောင်းနှင့် အမျိုးသားအကျိုးစီးပွား၊ ပထဝီဝင်၊ တိုင်းရင်းသားလူမျိုး၊ ယဉ်ကျေးမှု၊ ခေတ်စရိုက်နှင့် လိုက်ဖက်မည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။

**နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းရန် စွဲစွဲမြဲမြဲ ယုံကြည်သည့်အလျောက် နိုင်ငံတော်ဘက်က တစိုက်မတ်မတ် စွဲကိုင်လာခဲ့သော နိုင်ငံရေးလမ်းစဉ်ဆိုင်ရာ Political resolution လည်းဖြစ်သည်။ သဘောထားကွဲလွဲမှုများကို အကြမ်းဖက်နည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းကိုသာ ရွေးချယ်ခြင်းသည် တပ်မတော်၏ ရှေးဦးမူလကတည်းက ထားရှိသော Political Agenda ဖြစ်သည်။ နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူအဖြစ် ခိုင်ခိုင်မာမာပြဋ္ဌာန်းထားသလို ပါတီစုံစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။**

## ပါတီများလည်းခိုင်မာစေရန် ပြည်သူလည်း လက်ခံလာစေရန်

လက်ရှိ နိုင်ငံတော်တာဝန်ယူထားသော တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်သာ ဆက်လက်လျှောက်လှမ်းနေကြောင်း ပြသနေသည်ကို တွေ့ရသည်။ ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် PR ဖြင့် သွားဖို့လည်း ဆုံးဖြတ်ပြီးဖြစ်သည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် နိုင်ငံရေးပါတီများနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့သည်။ နိုင်ငံရေးပါတီများ လုပ်ငန်းလုပ်ဆောင်ရာတွင် ပိုမိုအဆင်ပြေနိုင်ရန် လုပ်နိုင်ကိုင်နိုင်သည့် အခြေအနေတွင်ရှိနေရန် နိုင်ငံတော်က တတ်နိုင်သမျှ ဖြည့်ဆည်းပေးသည့်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ပေးခဲ့သည်။

> **❝ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာဖြေရှင်းရန် စွဲစွဲမြဲမြဲ ယုံကြည်သည့် အလျောက် နိုင်ငံတော်ဘက်က တစိုက်မတ်မတ်စွဲကိုင်လာခဲ့သော နိုင်ငံရေးလမ်းစဉ် ဆိုင်ရာ Political resolution လည်းဖြစ်သည်။ သဘောထားကွဲလွဲမှုများကို အကြမ်းဖက်နည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းကိုသာ ရွေးချယ်ခြင်းသည် တပ်မတော်၏ ရှေးဦးမူလကတည်းကထားရှိသော Political Agenda ဖြစ်သည်။ နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူအဖြစ် ခိုင်ခိုင်မာမာပြဋ္ဌာန်းထားသလို ပါတီစုံစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိ ❞**

ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး လိုအပ်သည့် ဥပဒေပြင်ဆင်မှုများကိုလည်း ထုတ်ပြန်ပေးခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာသည်ထက်ခိုင်မာအောင် တစ်နိုင်ငံလုံးအတိုင်းအတာအလိုက်၊ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးများအလိုက် ကိုယ်စားပြုနေသောပါတီများအား မယိမ်းယိုင်၊ မပျက်စီး၊ မယိုယွင်းစေဘဲ ခိုင်မာသည်ထက် ခိုင်မာအောင် ဆောင်ရွက်ပေးနေခြင်းလည်းဖြစ်သည်။

**နိုင်ငံတော်ဘက်က လက်နက်ကိုင်လမ်းစဉ်ကို မယုံကြည်၍ ဥပဒေအရသွားနေသည်ကို မြင်အောင်ကြည့်ရန်လိုပြီး မိမိတို့လိုလားချက်များကိုလည်း လက်နက်မကိုင်ဘဲ ဥပဒေအရသာ တောင်းဆိုစေလိုသည်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲများမှတစ်ဆင့် လွှတ်တော်လမ်းကြောင်းသည်သာ နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်သည်ဟုဆိုခြင်း ဖြစ်ပါသည်။ တစ်ဖက်က ပြည်သူများ၏ မျှော်လင့်ချက်နှင့် အခက်အခဲများကိုလည်း ပြည်သူက ရွေးချယ်သော ပါတီ ရွေးချယ်လိုက်သော ကိုယ်စားလှယ်များကသာ ဖြည့်ဆည်းပေးနိုင်မည်ဟု ယူဆသည်။**

ထိရောက်သော ပြုပြင်ပြောင်းလဲမှုများကို လွှတ်တော်လမ်းကြောင်းက ပို၍ဖန်တီးပေးနိုင်မည်ဟု ယုံကြည်သည့်အတွက်လည်း ဤမျှ အားထည့်နေခြင်းဖြစ်သည်။ သို့မှသာ ပြည်သူကလည်း ရွေးကောက်ပွဲကို လက်ခံလာမည်၊ နိုင်ငံရေးနည်းလမ်းအပေါ် ယုံကြည်မှုရှိလာမည်ဟု ယူဆပါသည်။

## ဒီမိုကရေစီကတိကဝတ်

နိုင်ငံရေးပါတီများနှင့် ပတ်သက်သည့် ဆောင်ရွက်ပေးချက်များ၊ ပါတီစုံဒီမိုကရေစီနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များသည် ဒီမိုကရေစီအပေါ်ထားရှိသော တပ်မတော်၏ ယုံကြည်ချက်နှင့် ခံယူချက်များဖြစ်ပြီး ပြည်သူအပေါ်ထားရှိသော ကတိကဝတ်နှင့် တာဝန်ယူ၊ တာဝန်ခံမှုများလည်း ဖြစ်သည်။ သို့သော် အရေးကြီးသော အချက်တစ်ခုမှာ တရားဥပဒေစိုးမိုးရေးနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်ချက်ဖြစ်နေသည်။

နိုင်ငံတော်တာဝန်ကိုရယူပြီး စတင်ထိန်းသိမ်းစဉ်ကတည်းကပင် အနည်းဆုံးသောအင်အားနှင့် အနိမ့်ဆုံးအဆင့်ဆိုသော စကားရပ်ကို အထူးသတိပြုစေလိုပါသည်။ တပ်မတော်က ငြိမ်းချမ်းရေးကို ရှေ့တန်းတင်ထားပြီး အကြမ်းမဖက်သောမူကို စွဲကိုင်ထားခြင်းကြောင့်သာ သည်းခံခြင်းအပြည့်ဖြင့် ဤအင်အား ဤအဆင့်ကိုသာ သုံးစွဲနေခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်တည်းသွားလို၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များပြည့်မီရန် ဟန်ချက်ညီအောင် ကြိုးစားနေခြင်းဖြစ်သည်။

နိုင်ငံရေးပြဿနာတိုင်းတွင် ဖြစ်ပေါ်လာတတ်သော စစ်ရေးပဋိပက္ခများကို တပ်မတော်အနေဖြင့် အကြမ်းမဖက်သောနည်းလမ်းဖြင့်သာ ဖြေရှင်းလိုပြီး ပြည်သူတို့လိုချင်သော ဒီမိုကရေစီ၊ တိုင်းရင်းသားတို့ လိုချင်သော ဖက်ဒရယ်၊ ထိုလိုလားချက်များအတွက် ရွေးကောက်ပွဲကို မဖြစ်မနေလုပ်ပေးရန် ပြင်းပြသောဆန္ဒအမှန်သည် တပ်မတော်တွင် မူလကတည်းက ရှိပြီးဖြစ်ပါသည်။

## တပ်မတော်အတွက် ထွက်ပေါက်မဟုတ်ပါ

**ရွေးကောက်ပွဲ မလုပ်ပေးနိုင်မှာ၊ ရွေးကောက်ပွဲမဖြစ်မှာ၊ တာဝန်ယူမှုအပေါ် တာဝန်မခံနိုင်မှာကို တပ်မတော်က အစိုးရိမ်ဆုံးဖြစ်သည်။ အကြောင်းမှာ နိုင်ငံတော်တာဝန် စတင်ယူစဉ်ကတည်းက တပ်မတော်၏ လမ်းပြမြေပုံမှာပါသည့် ကတိကဝတ်များကြောင့်ဖြစ်သည်။ သို့သော် တပ်မတော်၏ နိုင်ငံအရေးအတွက် ဆောင်ရွက်နေသော နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ရွေးကောက်ပွဲကို တပ်မတော်၏ ထွက်ပေါက်တစ်ခုအလား မှတ်ယူမမှားသင့်ပါ။ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် နိုင်ငံရေးထွက်ပေါက်တစ်ခုအနေဖြင့်သာ မြင်သင့်ပြီး တပ်မတော်အတွက် ထွက်ပေါက်လည်းမဟုတ်သလို တပ်မတော်အတွက် နိုင်ငံရေးကို ဘယ်တော့မှလည်း အသုံးချမည်မဟုတ်ပါ။**

နိုင်ငံတော်တာဝန်ကို ရယူမထိန်းသိမ်းမီကတည်းက နိုင်ငံရေးအရ၊ တရားမျှတမှုအရေး လိုလားတောင့်တခဲ့သည့် တပ်မတော်ကို ဘယ်သူက ထွက်ပေါက်ပိတ်အောင် လုပ်ခဲ့ကြသလဲ ပြန်လည်ဆန်းစစ်စေလိုပါသည်။ သို့ဖြစ်၍ ယခုအချိန်မှာ အရေးကြီးသည်က တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲ၊ ဝိရောဓိဖြစ်လှသည့် ဦးတည်ချက်နှစ်ခုကို အထူးဂရုပြုကြရန် လိုပါသည်။ တစ်ဖက်က စွဲကိုင်ထားသည်က တည်ငြိမ်အေးချမ်းရေးကို ဦးတည်သည့် အကြမ်းမဖက်၊ အင်အားမသုံးသည့် လမ်းကြောင်း၊ တစ်ဖက်ကကျင့်သုံးသည့် လမ်းစဉ်က အကြမ်းဖက်၊ ဖျက်ဆီးရေးနှင့် ရွေးကောက်ပွဲမဖြစ်ရေးလမ်းစဉ်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မည်မျှလိုလားသည်ဖြစ်စေ အားလုံး Stakeholders all inclusiveness ဖြစ်မှသာ ရည်မှန်းထားချက်များ ပြည့်ဝလာမည်ဖြစ်ပါသည်။

မတည်ငြိမ်မအေးချမ်းဘဲနှင့် ပါတီလှုပ်ရှားမှု ကိုယ်စားလှယ်များ၏ လုံခြုံရေးကို မည်သို့အာမခံချက်ရှိမည်နည်း။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများ၊ ကိုယ်စားလှယ်များ၊ ပါဝင်ထမ်းရွက်ကြမည့် ဝန်ထမ်းများအတွက် အကာအကွယ်မဲ့အနေအထားကိုတော့ ရောက်ရှိစေမည် မဟုတ်ပါ။ **ထို့အတွက် တပ်မတော်၏ ပေးထားချက်များအတိုင်း အတူပူးပေါင်းလက်တွဲ ပါဝင်ဆောင်ရွက်ကြရန်သာ အရေးကြီးဆုံးဖြစ်ပါသည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးအတွက်ဆိုလျှင် တပ်မတော်အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်သာ ဖြစ်သည်။ အဓိကအချက်က ရွေးကောက်ပွဲမှတစ်ဆင့်သာ နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမည်ဟု ခံယူထား၍ ဖြစ်ပါသည်။**

ထို့ကြောင့်လည်း လက်ရှိအခြေအနေများအရ နိုင်ငံတော်က ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများကို မဖြစ်မနေကျင်းပပြုလုပ်ပေးသွားရန် ကတိကဝတ်သည် တိကျသေချာ၍ သံသယဖြစ်ရန်မလိုဟု ပြောနိုင်ပါသည်။ ရွေးကောက်ပွဲသည်သာ နိုင်ငံရေးနည်းလမ်းဖြစ်သည်ကို ပါတီများကလည်း လက်ခံပြီးဖြစ်သည်၊ ပြည်သူကလည်း လက်ခံလာပြီဖြစ်သည်။ ဘက်ပေါင်းစုံအကျပ်အတည်းများနှင့် လုံခြုံရေးအရ စိန်ခေါ်မှုများရှိနေသော်လည်း မြန်မာ့နိုင်ငံရေးအတိတ်သမိုင်းမှ ရွေးကောက်ပွဲအတွေ့အကြုံများအရ အခြေအနေပေးသည့်အနေအထား၊ ကာလ၊ ဒေသအပေါ်မူတည်၍ လုပ်နိုင်သမျှ လုပ်ဆောင်သွားမည့် အတိုင်းအတာရှိနေပါသည်။ အောက်တိုဘာလအတွင်း ပြုလုပ်တော့မည့် ပြည်လုံးကျွတ် လူဦးရေနှင့်သန်းခေါင်စာရင်း ကောက်ယူရေးမှ မဲစာရင်းများလည်း ထွက်ပေါ်လာတော့မည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ရှိမြဲရှိနေသည့် တပ်မတော်နည်းတူ နိုင်ငံရေးပါတီများသည်လည်း ထိုလမ်းကြောင်းပေါ်မှာသာ ရပ်တည်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပါတီများအနေဖြင့် နိုင်ငံ့အရေးနှင့် ပါတီအရေး၊ နိုင်ငံ့အကျိုးနှင့် ပါတီအကျိုး ယှဉ်လာလျှင်သာ နိုင်ငံ့အရေး၊ နိုင်ငံ့အကျိုးကို ရှေ့တန်းကထားရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ဆွေးနွေးထောက်ပြခဲ့သည့် အရေးကြီးသော ထိုအချက်သည် ပြည်သူတစ်ရပ်လုံး၏ ဖြစ်ချင်လိုသော ဆန္ဒကိုလည်း ထင်ဟပ်နေပါသည်။ အဓိကအချက်က နိုင်ငံရေးဦးဆောင်ပါတီများ မြန်မာ့နိုင်ငံရေးအခင်းအကျင်းမှာ အရည်အသွေးပြည့်မီ၍ အားကောင်းခိုင်မာနေရန်ပင်ဖြစ်သည်။ Institutions များ အားကောင်းမှသာ ယုံကြည်မှုများကို တိုး၍တည်ဆောက်လာနိုင်မည်ဖြစ်သည်။ တပ်မတော်နှင့် ပြည်သူများ၊ ပါတီများ၊ တိုင်းရင်းသားများ၊ နိုင်ငံ့အရေးအလေးထားသော အဖွဲ့အစည်းများနှင့် လက်နက်ကိုင်များအကြား တစ်ခုနှင့်တစ်ခု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရွေးကောက်ပွဲများမှတစ်ဆင့် ယုံကြည်မှုများ ဖြစ်ပေါ်တိုးတက်လာမည်ဟုလည်း မျှော်လင့်ထားပါသည်။

သို့မှသာ ပြည်သူလူထုကြီးက နိုင်ငံရေးပါတီများ၏ သဘောထားနှင့် တပ်မတော်၏ တာဝန်ယူ တာဝန်ခံမှုများအပေါ် အလေးအနက်ထားယုံကြည်မှုနှင့်အတူ အတူလက်တွဲ ပူးပေါင်းပါဝင်လာကြမည်ဖြစ်သည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

# ရှမ်းပြည်နယ်၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မြေအောက်ရေ ထိန်းသိမ်းနိုင်ရေးအတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ငှက်ဘေးမဲ့တောကိုးနဝင်းဘုန်းကြီးကျောင်းအနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့ စိမ်းလန်းစိုပြည်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ပြည်နယ်အဆင့် ဒုတိယ အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့သော တင်မြင့်ရီကုမ္ပဏီအား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးများက စိုက်ပျိုးရန်သစ်ပင်များကို ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်တို့က သစ်ပင်စိုက်ပျိုးမည့်နေရာတွင် နေရာယူ၍ သစ်ပင်စိုက်ပျိုးပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းမှ သင်တန်းသူများ၊ လူမှုရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



အဆိုပါ မိုးရာသီ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ချယ်ရီပင် ၁၄၀၊ စိန်ပန်းပြာပင် ၁၄၀၊ စိန်ပန်းနီပင် ၁၄၀၊ မာတာကွက်ပင် ၁၅၀၊ ယူကလစ်ပင် ၃၀၊ ထင်းရှူးပင် ၃၀ စုစုပေါင်းပျိုးပင် ၆၃၀ စိုက်ပျိုးပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ သစ်တောသစ်ပင်စိုက်ပျိုးခြင်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ကျောင်းသားကျောင်းသူများအား သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အင်းစိန် အထက(၃) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းကျော်က တက်ရောက်လာသူများအား မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာ နည်းစနစ်များနှင့် အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။



ဆက်လက်၍ ဟောပြောပွဲ တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များကို သစ်တောဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြပြီး ကျောင်းဝင်းအတွင်း ကျွန်း၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ ပျဉ်းမနှင့် မဟော်ဂနီ စုစုပေါင်း ပျိုးပင် ၆၀၅ ပင်အား တက်ရောက်လာသူများနှင့် တာဝန်ရှိသူများက စုပေါင်းအမှတ်တရ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လှည်းကူးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လှည်းကူး ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ၂၀၂၄ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်အိုင်-ကြာကန်စုလမ်း လမ်းဘေး ဝဲ/ယာ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးခင်ဇော်၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်နီလာစိန်နှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သာယာကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက မန်ကျည်းပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



ဉာဏ်ဟိန်း



# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်ဝင်းအတွင်း ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးမင်းဝင်း(ဗုဒ္ဓဘာသာ)၊ ဦးသောမတ်(ခရစ်ယာန်ဘာသာ)၊ အထွေထွေအတွင်းရေးမှူး ဦးခင်ဝေ၊ ဗဟိုလူမှုရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့်အဖွဲ့ဝင်များ၊ ဗဟိုအမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဥက္ကဋ္ဌနှင့် တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်ဥက္ကဋ္ဌများ၊ ခရိုင်အလုပ်အမှုဆောင်များ၊ မြို့နယ်အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းသန်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးဝင်းနှင့် ကျောင်းသား ကျောင်းသူများနှင့်အတူ သီးပင်စားပင်နှင့် မန်ကျည်းပင် စုစုပေါင်း အပင် ၈၀ ကို ပူးပေါင်းပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်း



# ချောင်းဆုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ချောင်းဆုံ ဇူလိုင် ၁၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကော့ကဒဲ့ကုန်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကားပြောကြားပြီး လူထုဖြန့်ပျိုးပင်များအား ပြည်သူများထံသို့ လွှဲပြောင်းပေးအပ်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သစ်ပင်စိုက်ပျိုးခြင်းနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မန်ကျည်းရှား၊ မဟော်ဂနီ၊ ကျွန်း၊ သက်န်း၊ ပျဉ်းမ၊ ယမနေ၊ မည်စည်နှင့် မဲဇလီ စသည့် ပျိုးပင်စုစုပေါင်း ၁၀၀၀ ခန့်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကန်ကြီးထောင့်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကန်ကြီးထောင့် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှကြီးမှူး၍ မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မဂူကျွန်းကျေးရွာရှိ အောင်တံခွန်ဘုရားကြီးကျောင်းအနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ပုသိမ်မြို့နယ်ဦးစီးအရာရှိ ဦးငြိမ်းချမ်းနှင့် တာဝန်ရှိသူများက မန်ကျည်းရှားပင် ၄၇၀၊ မဟော်ဂနီ ၁၀ ပင်၊ ယမနေ ၁၀ ပင်၊ ပျဉ်းကတိုး ငါးပင်နှင့် ကျွန်း ငါးပင် စုစုပေါင်းပျိုးပင် ၅၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❐

# မဲဆွယ်စည်းရုံးပွဲအတွင်း အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏နားရွက် ကျည်ဆန်ထိမှန်

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်ပြည်ထောင်စု ပင်နဆယ်ဗေးနီးယားပြည်နယ်၌ ဇူလိုင် ၁၃ ရက်တွင် ပြုလုပ်သည့် မဲဆွယ်စည်းရုံးပွဲအတွင်း အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏နားရွက်ကို ကျည်ဆန်ထိမှန်ခဲ့ကြောင်း သိရသည်။

သေနတ်သမားဟု သံသယရှိသူနှင့် မဲဆွယ်စည်းရုံးပွဲတက်ရောက်သူ တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် သမ္မတဟောင်းထရမ့်သည် ဘေးကင်းကြောင်းနှင့် သေနတ်ဖြင့်ပစ်ခတ်သည်ဟု သံသယရှိသူမှာ သေဆုံးသွားပြီဖြစ်ကြောင်း ၎င်း၏ သက်တော်စောင့်အဖွဲ့က ဆိုရှယ်မီဒီယာတွင် ရေးသားထားသည်။

သံသယရှိသူသည် အဆောက်အအုံ ခေါင်မိုးပေါ်မှ ရိုင်ဖယ်သေနတ်ဖြင့် ရှစ်ချက်ပစ်ခတ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသန္တရမီဒီယာများက သတင်းဖော်ပြသည်။




သမ္မတဟောင်းထရမ့်သည် သက်တော်စောင့်များ၏ လျင်မြန်သောတုံ့ပြန်မှုအတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့ပြင် သေဆုံးသွားသူ၏ မိသားစုနှင့် ဒဏ်ရာရသူများကို ဝမ်းနည်းပါကြောင်း ထရမ့်က ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ ယခုကဲ့သို့ လုပ်ရပ်မျိုးဖြစ်ပေါ်လာသည်မှာ မယုံနိုင်စရာဖြစ်ကြောင်း ထရမ့်က မှတ်ချက်ပြုပြောကြားပြီး လက်ရှိအချိန်အထိ သေနတ်သမားနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှ မသိရသေးကြောင်း ပြောကြားသည်။

ကျည်ဆန်သည် ၎င်း၏ညာဘက်နားရွက်အပေါ်ပိုင်းကို ထိုးဖောက်သွားကြောင်း ထရမ့်က ဆက်လက်ပြောသည်။

အမေရိကန် သမ္မတဂျိုးဘိုင်ဒင်က အဆိုပါဖြစ်ရပ်ကို ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း ပြောကြားသည်။

ယခုကဲ့သို့သော အကြမ်းဖက်မှုမျိုးအတွက် အမေရိကန်နိုင်ငံ၌ နေရာမရှိကြောင်းနှင့် မည်သည့်အကြမ်းဖက်မှုကိုမဆို ရှုတ်ချရန်လိုအပ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က ဆိုရှယ်မီဒီယာတွင် မှတ်ချက်ပေးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ သတ္တုမိုင်း မြေပြိုမှုနှင့် ရေကြီးရေလျှံမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများအဆုံးသတ်

**ဂျကာတာ ဇူလိုင် ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဂိုရွန်တာလိုပြည်နယ်ရှိ သတ္တုမိုင်းတွင်းများ တည်ရှိရာဒေသ၌ ဖြစ်ပွားခဲ့သည့် မြေပြိုမှုနှင့် ရေကြီးရေလျှံမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို အဆုံးသတ်ခဲ့ကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေးအကြီးအကဲ ဟာယီယန်တိုက ယနေ့ပြောကြားသည်။

**၁၅ ဦးမှာ ပျောက်ဆုံးနေဆဲ**

ယင်းဖြစ်စဉ်အတွင်း ၂၇ ဦးသေဆုံးပြီး ၁၅ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ဇူလိုင် ၁၃ ရက်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အဆုံးသတ်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ ယင်းဖြစ်စဉ်ကြောင့် ဒေသခံ ၂၈၃ ဦးမှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ဟာယီယန်တိုက မှတ်ချက်ပြုပြောကြားသည်။ သဘာဝဘေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံရှာဖွေကယ်ဆယ်ရေးလုပ်သားများ စုစုပေါင်း ၄၀၀ ကျော် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေးရုံးတာဝန်ရှိသူ ဘာဂူစ်အာစ်ရာမာက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# အာဖဂန်နစ္စတန်နိုင်ငံ၌ ဝက်သက်ရောဂါကြောင့် ၁၆၀ သေဆုံး

**ကဘူးလ် ဇူလိုင် ၁၄**

လွန်ခဲ့သည့် ခြောက်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ဝက်သက်ရောဂါကြောင့် ၁၆၀ သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ယနေ့ သတင်းထုတ်ပြန်သည်။

**သေဆုံးသူ ၁၆၀ ရှိ**

အစီရင်ခံစာအရ ယခုနှစ်အတွင်း ရောဂါကူးစက်ခံရသူ ၃၆၆၁၈ ဦးနှင့် သေဆုံးသူ ၁၆၀ ရှိကြောင်း သိရသည်။

၎င်းတို့အနက် ၈၁ ဒသမ ၁ ရာခိုင်နှုန်းသည် အသက်ငါးနှစ်အောက် ကလေးငယ်များဖြစ်ပြီး ၄၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။

ဝက်သက်ရောဂါကြောင့် သေဆုံးမှုအများစုမှာ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့စ်ပြည်နယ်မှဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

**ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်း**

ဝက်သက်ရောဂါကို သတိမမူမိခြင်း၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ လက်လှမ်းမမီခြင်း၊ ကလေးများအား ကာကွယ်ဆေးမထိုးခြင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်းများသည် ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းများဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မော်လ်ဒိုက်နိုင်ငံက ပါလက်စတိုင်းအား ကန်ဒေါ်လာ ၁ ဒသမ ၂၉ သန်းကျော် လှူဒါန်းရန် ကတိပြု

**မာလီ ဇူလိုင် ၁၄**

မော်လ်ဒိုက်နိုင်ငံသည် ပါလက်စတိုင်းအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ သန်းကျော်လှူဒါန်းရန် ကတိပြုကြောင်း ကုလသမဂ္ဂဆိုင်ရာ မော်လ်ဒိုက် အမြဲတမ်းကိုယ်စားလှယ် အာလီနာဆာမိုဟာမက်က ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂဌာနချုပ်၌ ဇူလိုင် ၁၂ ရက်က ကျင်းပသည့် ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် အလုပ်အဖွဲ့ (UNRWA) ကတိကဝတ် ညီလာခံ၌ မော်လ်ဒိုက်နိုင်ငံက လူသားချင်းစာနာထောက်ထားမှုအကူအညီပေးမှုကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မော်လ်ဒိုက် အစိုးရသည် ပါလက်စတိုင်းသို့ အမေရိကန်ဒေါ်လာ ၅၀၀၀ ကို နှစ်စဉ်လှူဒါန်းခဲ့ရာမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ အထိ တိုးမြှင့်ထားကြောင်း ကုလသမဂ္ဂဆိုင်ရာ မော်လ်ဒိုက် အမြဲတမ်းကိုယ်စားလှယ် အာလီနာဆာမိုဟာမက်က ပြောကြားသည်။

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် အလုပ်အဖွဲ့က ပါလက်စတိုင်း၏ ပဏာမခြေလှမ်းများ တိုးတက်မှုအတွက် နိုင်ငံရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးရန် နိုင်ငံတကာအသိုက်အဝန်းအား ၎င်းတို့၏ ဘဏ္ဍာရေးအကူအညီများ တိုးမြှင့်ပေးရန်လည်း ၎င်းက တိုက်တွန်းပြောကြားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးနိုင်ငံ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လေယာဉ်ဆီ အသုံးပြုမည်

**ဂျေရုဆလင် ဇူလိုင် ၁၄**

အစ္စရေးနိုင်ငံ၌ အနာဂတ်ကာလတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲမှုမြှင့်တင်ရေးအတွက် အကြော်ခံဆီများနှင့် ဟိုက်ဒရိုဂျင်နှင့် ကာဗွန်အရင်းအမြစ်များမှ ထုတ်လုပ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လေယာဉ်ဆီများကို အသုံးပြုသွားမည်ဖြစ်ကြောင်း အစ္စရေးစွမ်းအင်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ကြီးဌာနက ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ နိုင်ငံတကာရည်မှန်းချက် ပြည့်မီစေရေးအတွက် အစ္စရေး၏ဆောင်ရွက်ချက်ဖြစ်ကြောင်းယင်းဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

ယခုထုတ်လုပ်မည့် လေယာဉ်ဆီများသည် သမားရိုးကျလေယာဉ်ဆီများထက် ကာဗွန်ထုတ်လွှတ်မှုကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်းရှိ လေကြောင်းလိုင်းများအား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လောင်စာဆီသုံးစွဲရေးအတွက် တွန်းအားပေးဆောင်ရွက်မည်ဟု အစ္စရေးစွမ်းအင်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ



နေပြည်တော် ဇူလိုင် ၁၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်မြို့နယ်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၅၀၄ တန်၊ အခြားသစ် သုည ဒသမ ၂၆၅တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၅၁၀၈၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်း စစ်ဆေးရေးဂိတ် (တရုတ်လှကျေးရွာဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lenovo Laptop Computer (Used) ၄၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲသုံးမှု၊ ခန့်မှန်းတန်ဖိုးငွေ ၂၈၀၅၁၀၈၄ ကျပ်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် ညနေ ၆ နာရီတွင် ဘားအံမြို့နယ် နတ်ထိပ်ကျေးရွာအုပ်စု နောင်တုတ်ကျေးရွာရှိ စောအင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု အိန္ဒုကျေးရွာရှိ စောဝေလင်းအောင်(ခ)စောအဆူး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ည ၈ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ (၂၀) ရပ်ကွက် ညောင်ရမ်းလမ်းတွင် ရင်ထွေးအောင်(ခ)ပြောင်ကြီး မောင်းနှင်ပြီး မနွယ်နွယ်ဝင်း(ခ)နွယ်နွယ်လိုက်ပါလာသည့် TOYOTA PROBOX အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



စောအင့်နှင့် စောဝေလင်းအောင် (ခ) စောအဆူးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

မင်္ဂလာဒုံ ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ စက်ရုံလေးရုံသို့ ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။




အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ရန်ကုန်စက်မှုဇုန် Honey Garment Industry Limited-1 အထည်ချုပ်စက်ရုံ၊ မင်္ဂလာဒုံစက်မှုဇုန် မြန်မာပိုစတာရီရန် အထည်ချုပ် စက်ရုံ၊ Design Time နာရီအစိတ်အပိုင်းစက်ရုံ၊ Mac Do Co.,Ltd. ဆံပင်တုစက်ရုံတို့တွင် ဆောင်ရွက်ခဲ့ကြရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟေမာန်အိနှင့် ဦးစီးအရာရှိ ဦးမြတ်ထွဋ်ဦးတို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းထွန်းအောင်(ပြန်/ဆက်)**

# လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌ ဖွံ့မာန်ရောင်းဝယ်ရေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တွင် ဖွံ့မာန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမီတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီကအသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ ဖွံ့မာန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမီတက်ဥက္ကဋ္ဌ ဦးမော်ထွန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်တို့က အမှာစကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားခဲ့သည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများအား အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၇-၂၀၂၄ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရပရိတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၁:၁၅ ကြွေလည်းဝေမြဲတမ်းတဆဲ
- ၁၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၇)
- ၁၃:၃၀ MRTV National News
- ၁၅:၁၅ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်
- ၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၅ အောက်မေ့အခါခါအမှတ်တရများစွာ တည်ရှိရာဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသသတင်း
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၈)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ "လျှို့ဝှက်လရောင်" (အပိုင်း-၁၇)

### mitv

- 07:02 Evergreen Classic: Myat Hsu Mon
- 07:05 Mt. Naw Bu Baw
- 07:16 The Promising Aquarium Fish Farming in Myanmar
- 07:44 Wushu Kids & Their Limit (Ep-2)
- 08:01 News
- 08:26 Asia Updates: Misty Forest
- 08:33 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)
- 08:50 World Youth Skill Day
- 08:55 K-Pop Live Show (Smart)
- 09:01 Let's Venture to a Natural Wonder
- 09:17 Myanmar Cultural Identities: (Kinnari & Kinnara)
- 09:35 Pauk Thit Basketry Village
- 09:53 Myanmar Traditional Snacks: Myanmar Doughnut
- 10:01 News
- 10:26 Topical Topic: Corn Broth or Sabuti

### MRTV NRC

- **ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့
- **ဝ (၀၈:၀၀ မှ ၁၀:၀၀)** "ဝ" ရိုးရာတူရိယာအကြောင်း
- **ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ကချင်ရိုးရာတဆေးနှင့်ခေါင်ရည်ပြုလုပ်ပုံ
- **ကယား (၁၂:၀၀ မှ ၁၄:၀၀)** ရိုးရာဝါးခမောက်လက်မှုပညာအမွေ
- **စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** အားမနာနဲ့စား ဒါအကုန်ဘဲ(ဇာတ်လမ်းတို)
- **အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** ဝင်ငွေကောင်းတဲ့တောင်ပေါ်ငှက်ပျော
- **အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** လိုင့်ထောင်ပလာမစ်ရေတံခွန်သို့
- **ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)** ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း
- **ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** ဆေးပက်ဝင်သခွတ်ပွင့်
- **မွန် (၁၉:၀၀ မှ ၂၀:၀၀)** ချစ်စရာမွန်ရိုးရာအိမ်
- **ရခိုင် (၂၀:၀၀ မှ ၂၁:၀၀)** ရခိုင်တို့ရဲ့စိတ်ကူးအိပ်မက်မှသည်လက်တွေ့ဆီသို့

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "တစ်လင်နှင့်တစ်မယား"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၀:၀၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၈:၀၀ Economic review "AT Governance" (အပိုင်း-၅၁)

### MRTV FARMERS' HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၅ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Weather Forecast
- ၁၈:၂၀ The Batman EP-(1) (နိုင်ငံခြားဇာတ်လမ်း)
- ၁၉:၃၀ A Complete Guide to Digging & Planting Your First Vegetable Garden - Tomatoes, Peppers & Herbs
- ၂၁:၃၀ The Seeds We Sow

### MRTV SPORTS HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၀၇:၄၀ Weekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

အယ်ဒီတာ့ထံပေးစာ

# ပြည်သူကို နှိပ်စက်ကလူပြုနေပြီး အကြမ်းဖက်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ PDF များကို ဒေသခံများ၏ အား၊ စစ်မှုထမ်းဟောင်းများ၏ အား၊ နိုင်ငံချစ်ပြည်သူများ၏ အားကို ရယူစုစည်းပူးပေါင်းပြီး နာလန်မထူနိုင်၊ အမြစ်ပြုတ်သည်အထိ ချေမှုန်းသုတ်သင်ပေးပါ

အယ်ဒီတာရှင့်-

လက်ရှိတွင် ကျွန်မ၏ ဆွေမျိုးများသည် MNDAA နှင့် TNLA တို့၏ တစ်ကျော့ပြန် အကြမ်းဖက်တိုက်ခိုက်မှုများကို ကြောက်ရွံ့၍ စစ်ဘေးရှောင်နေကြရပါသည်။ ဇွန်လကုန်ပိုင်းကတည်းက မြို့ပေါ်တွင် ရှော့တိုက်ဒုံးရန်နှင့် ဒရုန်းဗုံးအန္တရာယ်များကြောင့် စစ်ဘေးရှောင်နေရခြင်းဖြစ်ပါသည်။ သို့သော် စစ်ဘေးရှောင်ရာတွင်လည်း လူမျိုးမတူ၊ တိုင်းရင်းသားမျိုးနွယ်မတူသူများကို ခြိမ်းခြောက်ခြင်း၊ နှင်ထုတ်ခြင်းနှင့် စစ်ဆေးမေးမြန်းခြင်းများကို ပြုလုပ်နေကြပြီး ဖမ်းဆီးနှိပ်စက်ခြင်းများကိုလည်း မြင်တွေ့နေရသည့်အတွက် အလွန်ပင်ကြောက်ရွံ့စိတ်ပျက်မိပါသည်။

ကျွန်မတို့ ရှမ်းပြည်နယ်မြောက်ပိုင်းအပြင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် အစရှိသည့် တိုင်းရင်းသားဒေသအများအပြားတွင်လည်း အကြမ်းဖက်သမားများက မြို့ကြီးများအထိ ခြိမ်းခြောက်အကြမ်းဖက်တိုက်ခိုက်နေကြသည်ကို ကြားသိရပါသည်။ ပြည်သူများအားလုံးမှာ နေ့စဉ်နှင့်အမျှ စစ်ပွဲသတင်းများကြောင့် စိတ်နှလုံးထိခိုက်နေကြရပြီး မွေးရပ်မြေမှ မိဘ၊ မောင်ဖွား ဆွေမျိုးသားချင်းများအတွက် ရတက်မအေးဖြစ်နေကြရပါသည်။

ထို့ပြင် အသက်မပြည့်သေးသော လူငယ်လူရွယ်များအပါအဝင် လူငယ်များကိုလည်း သူပုန်အဖွဲ့များက အတင်းအကျပ် တပ်သားသစ်စုဆောင်းမှုများကို တရားဥပဒေလက်လွတ် လုပ်ကိုင်နေကြပါသည်။ MNDAA သည် ကိုးကန့်နယ်မြေ အထူးဒေသ (၁) ရရှိရေးဆိုကာ နယ်မြေသိမ်းပိုက်ရေးကိုပါ လုပ်ဆောင်လာခဲ့ပြီး တိုင်းရင်းသားများအပြင် ဗမာလူမျိုးများကိုလည်း သူတို့၏ MNDAA အဖွဲ့ထဲသို့ အတင်းအဓမ္မခိုင်းစေ အမှုထမ်းခိုင်းလျက်ရှိပါသည်။ ရှမ်းစကားမတတ်သည့် ဗမာများကိုလည်း ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်နေသည်ဟု ဒေသခံများထံမှ သိရပါသည်။

ထို့ပြင် မငြိမ်းချမ်းမှုများကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးတွင် ခက်ခဲမှုများစွာရှိပြီး အကြမ်းဖက်သူပုန်များက စာသင်ကျောင်းများကိုလည်း ဖွင့်လှစ်ခွင့်မပေးသဖြင့် ပညာသင်ကြားမှု ရပ်တန့်နေရပါသည်။ နေ့စဉ်နှင့်အမျှ လက်နက်သံ၊ ဗုံးသံအကြား အကြောက်တရားတို့ဖြင့်လည်း မနေလိုကြတော့ပါ။

မြန်မာ့တပ်မတော်ကို တိုက်ခိုက်ကြခြင်းအပြင် TNLA ဒေသအတွင်းတွင်လည်း အချင်းချင်းနယ်မြေလုပွဲများ မကြာခဏဖြစ်ပွားနေပြီး လမ်းပန်းဆက်သွယ်ရေးမှာ ပြတ်တောက်လုနီးပါးဖြစ်နေရပါသည်။ စစ်ပွဲနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အခြေခံစားကုန်များကိုပင် နှစ်ဆမှသုံးဆ၊ ငါးဆခန့် ဈေးအမြင့်ဖြင့် စားသောက်နေရသည်မှာ ရေရှည်တွင်ရပ်တည်ရန် ခက်ခဲလာနိုင်ပါသည်။

လားရှိုးမြို့တွင် အကြမ်းဖက်သမားများကို အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ကြပါသည်။ တစ်နိုင်ငံလုံးရှိပြည်သူများကလည်း အကြမ်းဖက်သမားများကို အလိုမရှိကြောင်း ဆန္ဒဖော်ထုတ်ပွဲများကို မြင်တွေ့ရပါသည်။ မိမိတို့ပြည်သူအားလုံးသည် အကြမ်းဖက်လုပ်ရပ်များကို ရွံရှာပါသည်။ အခြားဒေသမှ ပြည်သူများကလည်း မငြိမ်းချမ်းသည့်ဒေသများအတွက် တစ်တပ်တစ်အား ပါဝင်အားဖြည့်ပေးကြပါ။

ပြည်သူများသည် အေးချမ်းစွာနေထိုင်လိုကြပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များအတွက် အနယ်နယ်အရပ်ရပ်ရှိ သူပုန်များနှင့် အဖွဲ့အစည်းများကို ဆန့်ကျင်ကန့်ကွက်ပါသည်။ အကြမ်းဖက်လက်နက်ကိုင်သူပုန်တို့၏ အဓမ္မနယ်မြေသိမ်းပိုက်ရေးသည် ဘိုးဘွားဘီဘင်အဆက်ဆက် တည်ဆောက်ဖန်တီးထားခဲ့သည့် ပြည်ထောင်စုကြီးကိုပင် ထိခိုက်လာတော့မည်ကို ပြည်သူတစ်ဦးအနေဖြင့် လုံးဝလက်သင့်မခံနိုင်တော့ပါ။ MNDAA/ TNLA/ AA တို့အပြင် ယင်းတို့နှင့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ် ပူးပေါင်းပါဝင်ပေးနေသည့် အဖွဲ့အစည်းများကိုလည်း ယုံကြည်လေးစားမှုမရှိတော့ပါ။

တပ်မတော်သားများက ပင်ပန်းဆင်းရဲစွာ မိမိတို့ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ကျားကုတ်ကျားခဲ ပင်ပန်းဆင်းရဲကြီးစွာဖြင့် ပြန်လည်ထိုးစစ်ဆင်နွှဲနေသည့်သတင်းများ၊ ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးသည့်သတင်းများ၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးသည့်သတင်းများကြောင့် ကျေးဇူးအထူးတင်ရှိမိပါသည်။ တပ်မတော်၏ စွန့်လွှတ်စွန့်စားမှု၊ ရဲဝံ့စွာ ပြည်သူအတွက် ဦးဆောင်တိုက်ပွဲဝင်နေရခြင်းအပေါ် ဂုဏ်ယူဦးညွှတ်မိသည့်အပြင် မိမိဒေသအတွက် ကျွန်မတို့ဒေသခံများလည်း လိုအပ်ပါက တပ်မတော်နှင့်အတူတူ တိုက်ပွဲဝင်ရန် အသင့်ရှိနေကြပါသည်။

တပ်မတော်သားများအား ချီးကျူးဂုဏ်ပြုသည့် အစီအစဉ်များကိုလည်း မီဒီယာများနှင့် ရုပ်သံများတွင် များများဖော်ပြပေးစေလိုပါသည်။ မိမိတို့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို တတ်စွမ်းသမျှ ကာကွယ်ပေးနေသည့် တပ်မတော်သားများအပေါ် လေးစားချစ်ခင်မှုကိုပြသသည့် အစီအစဉ်များကို မီဒီယာများတွင် ထည့်သွင်းစေလိုပါသည်။ သို့မှသာ အခြားပြည်သူများက လိုက်ပါ၍ တပ်မတော်သားများအတွက် ချီးကျူးဂုဏ်ပြုခြင်းဖြင့် နိုင်ငံအတွက် ကာကွယ်စောင့်ရှောက်ရသူ တပ်မတော်သားများတွင်လည်း အားတစ်ရပ်လည်း ဖြစ်စေပါလိမ့်မည်။

ပြည်သူကို နှိပ်စက်ကလူပြုနေပြီး အကြမ်းဖက်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ PDF များကို ဒေသခံများ၏အား၊ စစ်မှုထမ်းဟောင်းများ၏ အား၊ နိုင်ငံချစ်ပြည်သူများ၏ အားကို ရယူစုစည်းပူးပေါင်းပြီး နာလန်မထူနိုင်၊ အမြစ်ပြုတ်သည်အထိ တပ်မတော်က ချေမှုန်းသုတ်သင်ပေးပါ။ ရှမ်းပြည်နယ်မြောက်ပိုင်းအပါအဝင် ကျွန်မတို့ ပြည်ထောင်စုအတွင်းရှိ နေရာဒေသအားလုံး တည်ငြိမ်အေးချမ်းမှု ရရှိအောင် အမြန်ဆုံးဆောင်ရွက်ပေးပါဟု အယ်ဒီတာ့ထံပေးစာမှတစ်ဆင့် အားကိုးစွာတင်ပြလိုက်ရပါသည်။

လားရှိုးမြို့မှ မနန်းနန်း

## ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ လမ်းအသုံးပြုခကောက်ခံနေသည့်တိုးဂိတ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ပေါ်ရှိ လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသည့် တိုးဂိတ်များကို ကြည့်ရှုစစ်ဆေးသည်။




### ကြည့်ရှုစစ်ဆေး

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စီလမ်းဆုံတိုးဂိတ်၌ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံနေမှု၊ CCTV တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ရေ၊ မီး ရရှိမှုနှင့် တိုးဂိတ်ပတ်ဝန်းကျင် သန့်ရှင်း၊ သပ်ရပ်၊ လှပမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တိုးဂိတ်တာဝန်ရှိသူများက နေ့စဉ်လမ်းအသုံးပြုခကောက်ခံ ဆောင်ရွက်နေမှုနှင့် လမ်းအသုံးပြုခ ကောက်ခံရရှိမှုများကို စာရင်းဇယားများနှင့်တကွ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက တိုးဂိတ်များ၌ လမ်းအသုံးပြုခ ကောက်ခံရာတွင် ယာဉ်စာရင်းအရေအတွက်နှင့် ကောက်ခံရရှိငွေ မှန်ကန်စွာ စာရင်းရေးသွင်းရေး၊ တိုးဂိတ်များအားလုံး CCTV တပ်ဆင်ထားပြီး ကွန်ပျူတာစနစ်ဖြင့် ကောက်ခံစေရေး၊ ကောက်ခံရရှိငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ တိုးဂိတ်ပတ်ဝန်းကျင် သန့်ရှင်း၊ သပ်ရပ်ပြီး ဥပဓိရုပ်ကောင်းမွန်စေရေး၊ ကောက်ခံရရှိမှုစာရင်းဇယားများ ရေးသွင်းရာတွင် ရုံးချုပ်က သတ်မှတ်ထားသည့် ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း) တစ်လျှောက်ရှိ တိုးဂိတ်များ ဖြစ်ကြသည့် တောင်ငူတိုးဂိတ်၊ ဖြူးတိုးဂိတ်၊ ဒရယ်မီးတိုးဂိတ်၊ ဘောနက်ကြီးတိုးဂိတ်၊ အမှတ် (၃) လမ်းဆုံ တိုးဂိတ်များကို ကြည့်ရှုစစ်ဆေးရာ တိုးဂိတ်တာဝန်ရှိသူများက နေ့စဉ် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ် ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာ(ခမွင်းဆိပ်) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

သံဖြူဇရပ် ဇူလိုင် ၁၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပြီး ရသေ့တောင်မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာစီမံကိန်းက အကောင်အထည်ဖော်ဆောင်ရွက်သည့် ရသေ့တောင်ကျေးရွာ(ခမွင်းဆိပ်) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါလမ်းသစ်၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်နိုင်ဝင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မင်းငွေထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သောလမ်းသည် ကျေးရွာရေလုပ်သားများအတွက် အထောက်အကူပြုသော ရသေ့တောင်ကျေးရွာ(ခမွင်းဆိပ်) အတက်အဆင်းလမ်း အလျား အရှည်ပေ ၂၀၀၊ အကျယ် ၁၂ ပေ ရှိသော ကွန်ကရစ်လမ်းကို ရသေ့တောင်မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာကော်မတီ အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ကိုးနှစ်တာကာလအတွင်း ရရှိသောအတိုးငွေ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၂၀၀ ဖြင့် ကွန်ကရစ်လမ်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်လွှဲအပ်ပွဲပြုလုပ်




**နေပြည်တော် ဇူလိုင် ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်လွှဲအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဦးသာညွှင်းဆောင်၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်နာယက က အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက်က ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံဝင်းတွင် ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကိုစိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များ စုပေါင်းစိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးသည်။

**ထောက်ပံ့ပေး**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ခုတင်(၅၀) ဆံ့ပြည်သူ့ဆေးရုံအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသူများနှင့် ပြင်ပလူနာဌာနတွင် ကုသမှုခံယူနေကြသူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးပြီး အားပေးစကားပြောကြားသည်။(ယာပုံ)

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု တပ်ပိုးကျေးရွာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်သည့် မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ခဲ့ပြီး ကျေးရွာအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

❍ **MFF မှ**

Sar Bal Gyi Doh အသင်းတို့ ပွဲချိန်အတွင်း လေးဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ Sar Bal Gyi Doh အသင်းက လေးဂိုး-နှစ်ဂိုး စုစုပေါင်း ရှစ်ဂိုး-ခြောက်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး 7 Brothers အသင်းနှင့် Marga အသင်း၊ Sar Bal Gyi Doh အသင်းနှင့် RPG အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၃၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၅ | ၂၈၀၀ | ၂၈၁၅ | ၃၂၂၀ | ၃၈၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၀၀ | ၂၉၃၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၂၅ | ၂၉၃၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တနင်္သာရီမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**တနင်္သာရီ ဇူလိုင် ၁၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြေစိုက်ပိုစတာ ကို ဇူလိုင် ၁၂ ရက်က တနင်္သာရီတံတားအနီးနေရာ၌ မြို့နယ်သန်းခေါင် စာရင်းကော်မတီက စုပေါင်းစိုက်ထူပေးကြကြောင်း သိရသည်။

**တက်ရောက်**

အဆိုပါမြေစိုက်ပိုစတာ စိုက်ထူခြင်းအခမ်းအနားသို့ တနင်္သာရီမြို့နယ် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးမင်းသူ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးနှင့် ကော်မတီဝင်ဌာနဆိုင်ရာများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီမြို့နယ်ဦးစီးမှူး ဦးမြင့်ကြွယ်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြတ်စုဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှထုတ်ဝေသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၂၄ အသိပညာပေးလက်ကမ်းစာစောင် ၅၀၀ ကို ခရီးသွားမိဘပြည်သူများအား ဖြန့်ဝေပေးကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# ကယားပြည်နယ်အစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၊ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

လွိုင်ကော် ဇူလိုင် ၁၄

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့သို့ ဇွန်လနှင့် ဇူလိုင်လအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာဝန်ထမ်းများ တွေ့ဆုံပွဲနှင့် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဝန်ထမ်းများ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဝန်ထမ်းများ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့သို့ ဇွန်လနှင့် ဇူလိုင်လအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်း ၅၅၁ ဦးအတွက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာ တက်ရောက်လာကြသည့် ဝန်ထမ်းများကိုယ်စား ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။



ယင်းနောက် အခမ်းအနားတက်ရောက်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများက ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များဖြေရှင်းဆောင်ရွက်ပေးပြီး အခမ်းအနားတက်ရောက်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းထောက်ပံ့ပေးအပ်ပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့က ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် နိုင်ငံ့ဝန်ထမ်းများအတွက် စုစုပေါင်းထောက်ပံ့မှု တန်ဖိုးငွေကျပ် ၅၆၂၀၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော် နည်းပညာတက္ကသိုလ် မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

နေပြည်တော် နည်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မိုးရာသီအားကစားပြိုင်ပွဲ၏ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

မိုးရာသီအားကစားပြိုင်ပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြရာ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စက်မှုအင်ဂျင်နီယာဘာသာရပ်အသင်းနှင့် အင်ဂျင်နီယာဘာသာရပ် ပေါင်းစုံညွန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အင်ဂျင်နီယာဘာသာရပ် ပေါင်းစုံ ညွန့်ပေါင်းအသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် နေပြည်တော်နည်းပညာတက္ကသိုလ်မှ ကျောင်းသူလေးများက ပန်းဖွားအက နှင့် Sports Dance တို့ဖြင့် အဖွဲ့လိုက် မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက e-Sports ပြိုင်ပွဲ ဆုရအသင်းများ၊ ဒိုင်အဖွဲ့နှင့် အကအဖွဲ့များ၊ ဖူဆယ်ပြိုင်ပွဲ အကောင်းဆုံးအားကစားသမားဆု၊ ဂိုးသွင်းအများဆုံးဆုနှင့် အကောင်းဆုံးဂိုးသမားဆုများ၊ နှစ်သိမ့်ဆုရအသင်း၊ ဒုတိယဆုရအသင်းနှင့် ဒုတိယဝန်ကြီးက ဖူဆယ်ဘောလုံးပြိုင်ပွဲ ပထမဆုရအသင်းအား ဆုတံဆိပ်လည်ဆွဲ၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ဂုဏ်ပြုချီးမြှင့်သည်။



ဆုပေးပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်သူများကို အလုပ်အကျွေးပြုနိုင်သည့် ဗလငါးတန်နှင့် ပြည့်စုံသော အင်ဂျင်နီယာကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများ ကျင်းပ

ညောင်လေးပင် ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုစာစီစာကုံး၊ ကျပန်းစကားပြော၊ စာဖတ်စွမ်းရည်၊ ပုံပြင်ပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကို ပြွန်တန်ဆာမြို့အတွင်းရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ဇူလိုင် ၁၃ ရက်က ကျင်းပသည်။



အဆိုပါ ပြိုင်ပွဲများ ကျင်းပရာတွင် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းမှစ၍ ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းမှာ ပုံပြင်ပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကို ကျင်းပကြောင်းနှင့် အဆိုပါပြိုင်ပွဲများသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူ ၁၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲများကို ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်အတွင်းရှိ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက် ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စာကြည့်တိုက် တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ဒဂုံ ဇူလိုင် ၁၄

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ရှမ်းတဲကြီးကျေးရွာ၌ စာကြည့်တိုက်တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ အဖွဲ့ဝင်(၂) ဦးတင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရာက်ကြရာ မင်္ဂလာအချိန်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ အဖွဲ့ဝင်(၂) ဦးတင်ဝင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်ရိုက်ကြသည်။

ယင်းစာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ယနေ့အထိ အလှူရှင်များက ဘိလပ်မြေအိတ် ၃၆၀ နှင့် ငွေကျပ် ၁၀၂၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စမ်းချောင်း အထက(၂)၌ အာဇာနည်နေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ကျင်းပ



ရန်ကုန် ဇူလိုင် ၁၄

(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ငုဝါဆောင်နှင့် ကံ့ကော်ဆောင်တို့၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းမှ အခြေခံပညာကျောင်း ၂၂ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း လေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၉၅ ဦးတို့က ဝင်ရာက်ယှဉ်ပြိုင်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန္ဒာဦးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာမများကကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

ပြိုင်ပွဲ၌ ဆုရသူများအား အမှတ်တရဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**

# ထုတ်ကုန်တိုးမြှင့်ခြင်းဖြင့် နိုင်ငံခြားငွေယိုစီးမှု ဟန့်တားနိုင်မည့် ပြည်တွင်းဖိနပ်လုပ်ငန်းများ

**သတင်းဆောင်းပါး**
**နဒီမင်း**

နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီ ကျား၊ မ၊ လူကြီးလူငယ်မရွေး ဝတ်ဆင်ကြသည့် လူ့အသုံးအဆောင် အဆင်တန်ဆာတစ်ခုကိုပြပါဆိုလျှင် ဖိနပ်ကို ပြရမည်ဖြစ်သည်။ ဖိနပ်သည် လူတစ်ဦးချင်း၏ နေ့စဉ်တစ်ကိုယ်ရေ အသုံးအဆောင်အတွက် မရှိမဖြစ်လည်း ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူသားများသည် လွန်လေပြီးသော ရှေးနှစ်ပေါင်းများစွာကတည်းက နေဒဏ်၊ မိုးဒဏ်၊ ဆူးငြောင့်ခလုတ်တံသင်းဒဏ်မှ ကင်းဝေးစေရန် ၎င်းတို့ဝတ်ဆင်မည့် ခြေနင်းဖိနပ်များကို နေထိုင်ရာ နေရာဒေသအပေါ်မူတည်၍ တိရစ္ဆာန်သားရေများ၊ ကောက်ရိုးများ၊ သစ်သားများဖြင့် ကိုယ်တိုင်တီထွင်ဝတ်ဆင်ခဲ့ကြသည်။

ထိုမှတစ်ဆင့် နှစ်ပေါင်းများစွာကြာလာပြီးနောက် ခေတ်ကာလရေစီးကြောင်းတစ်စထက်တစ်စ ပြောင်းလဲလာမှုနှင့်အတူ ရော်ဘာ၊ သားရေပစ္စည်းများဖြင့် ပေါင်းစပ်ကာ ခေတ်မီစက်များဖြင့်တစ်နည်း၊ လက်မှုနည်းဖြင့် တစ်သွယ် နည်းလမ်းမျိုးစုံဖြင့် ပြုလုပ်ထားသော ခေတ်မီဆန်းသစ်လှပသည့် ဖိနပ်များကို ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်း စီးလာခဲ့ကြသည်။

### ပြည်တွင်းထွက်ရော်ဘာကုန်ကြမ်း ၈၅ ရာခိုင်နှုန်းအသုံးပြု

မြန်မာနိုင်ငံတွင် စီးနေကြသည့် ဖိနပ်များသည် ပြည်တွင်းထွက် ရော်ဘာကုန်ကြမ်း ၈၅ ရာခိုင်နှုန်း၊ ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်း ၁၅ ရာခိုင်နှုန်း အသုံးပြုကာ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် လိုက်ဖက်မှုရှိသော ဆက်စပ်ပစ္စည်းများဖြင့် ပေါင်းစပ်ဖန်တီး ချုပ်လုပ်ထားခြင်းဖြစ်သည်။

ရန်ကုန်၊ မန္တလေးအပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဖိနပ်လုပ်ငန်းများမှ ချုပ်လုပ်သောရိုးရာဖိနပ်များ၊ ရိုးရိုးခြေညှပ်ဖိနပ်များ၊ ပွဲနေပွဲထိုင်ဖိနပ်များ၊ ကတ္တီပါဖိနပ်များ၊ ခေတ်မီဒီဇိုင်းဖြင့် ဖန်တီးချုပ်လုပ်ထားသော ကွင်းထိုးဖိနပ်၊ ရှူးဖိနပ်၊ ဒေါက်မြင့်ဖိနပ်စသည့်ပြည်တွင်းဖြစ် ဖိနပ်များကို ပြည်ပမှတင်သွင်းလာသော ဖိနပ်များနှင့် အပြိုင်ဈေးကွက်တင် ရောင်းချနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။


ပြည်တွင်းထုတ် ကတ္တီပါဖိနပ်အမျိုးမျိုး။

**"ခြေညှပ်ရိုးရိုးပဲ စီးတဲ့လူတွေရှိသလို ပုံဆန်းကြိုက်တဲ့သူတွေရှိတယ်။ အကြိုက်ချင်းတော့ မတူကြဘူးပေါ့။ အခုနောက်ပိုင်း ပြည်တွင်းဖြစ် ဖိနပ်လေးတွေ လှလာတယ်။ မိန်းကလေးအများစုက ကြိုက်ကြတယ်။ တချို့ဖိနပ်တွေဆို နိုင်ငံခြားဖိနပ်တွေအတိုင်းပဲ ချုပ်ထားတာ။ ဘာဖြစ်ဖြစ် ခိုင်ခံ့တယ်ဆို အဲဒီတံဆိပ်က အရောင်းသွက်တာပါပဲ"** ဟု ဖိနပ်ဆိုင်ပိုင်ရှင် မအေးနွယ်က ပြောသည်။

ပြည်တွင်းဖိနပ်ဈေးကွက်အခြေအနေကို လေ့လာကြည့်ရာတွင် ဖိနပ်ဈေးကွက်၏ ၇၅ ရာခိုင်နှုန်းကို အိမ်နီးချင်းပြည်ပနိုင်ငံများက ထိုးဖောက်နေရာယူထားပြီး ၂၅ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်းဖိနပ်များက နေရာယူထားနိုင်သည်ကို တွေ့ရသည်။

### ဈေးကွက်တင်ပို့ရောင်းချမှု

ပြည်တွင်း ဈေးကွက်တင်ပို့ရောင်းချမှုကို အကြမ်းအားဖြင့် တွက်ချက်ကြည့်လျှင် တစ်လလျှင် ဖိနပ်အရန်ရေလေးသန်းနီးပါးရှိသည်ဟု ဆိုသော်လည်း ထို လေးသန်းဟူသည့် ပမာဏသည် လူဦးရေသန်း ၅၀ ကျော် နေထိုင်သော မြန်မာနိုင်ငံရှိ ဖိနပ်စီးနိုင်သည့် လူဦးရေနှင့် အချိုးချကြည့်လျှင် ဖိနပ်ရောင်းချမှုနှင့် လူဦးရေအချိုးက များစွာကွာဟနေသေးသည်ဖြစ်ရာ ပြည်တွင်းထုတ်ဖိနပ်များသည် ပြည်ပမှဝင်ရောက်လာသည့် ဖိနပ်များကို ဈေးကွက်အားဖြင့် မယှဉ်နိုင်သေးသည့်အနေအထားတစ်ခုဟု ဆိုရမည်ဖြစ်သည်။

**"အိမ်နီးချင်းနိုင်ငံက ကာလာမျိုးစုံ၊ ဒီဇိုင်းမျိုးစုံဖိနပ်တွေ ကြောက်စရာကောင်းလောက်အောင် ကွန်တိန်နာတွေနဲ့အပြည့်ဝင်လာတာ။ သူတို့ကို ကျွန်တော်တို့က မယှဉ်နိုင်ဘူး။ ထုတ်လုပ်မှုအားအများကြီးနဲ့ ဝင်လာတာ။ သူတို့ရဲ့ ဈေးနှုန်းကို ကျွန်တော်တို့က မယှဉ်နိုင်ဘူး။ သူတို့က အရန်ရေ များများရောင်းပြီး အမြတ်ငွေသဲ့ယူတာ။ မြန်မာပြည်က သုံးလကို တစ်ခါပဲ အရန်သန်း ၄၀ ဝယ်ဦး၊ တစ်နှစ်ပတ်လုံးဆိုတွက်ကြည့် သန်းပေါင်းများစွာ ပြည်တွင်းလုပ်ငန်းရှင်တွေ ဆုံးရှုံးတယ်"** ဟု ကေသုံးလုံးဖိနပ်လုပ်ငန်းရှင် ဦးကံညွန့်က ပြောသည်။

ထိုသို့ဖြစ်ရခြင်းမှာ မြန်မာပြည်၏ ဖိနပ်လုပ်ငန်းသည် စက်အင်အားထက် လူ၏လက်မှုအင်အားကို အဓိကအသုံးပြုကာ ပြုလုပ်ခြင်းကြောင့် ဈေးကွက်တွင်းလိုသလောက်မဖြန့်ဖြူးနိုင်ခြင်း၊ လုပ်ငန်းရှင်များက မိမိတို့ဖိနပ်၏ အရည်အသွေးကို ထိန်းမထားနိုင်ခြင်း၊ ပြည်ပမှ ဝယ်ယူရသည့် ကုန်ကြမ်းပစ္စည်းတချို့ မှာယူရာတွင် ခက်ခဲခြင်း၊ ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့်ဟု မြန်မာနိုင်ငံ ဖိနပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

### ဈေးကွက်ပြန်လည်ရယူနိုင်ရန်ကြိုးပမ်း

သို့ရာတွင် လတ်တလောအခြေအနေအကြောင်းအမျိုးမျိုးကြောင့် ပြည်ပမှ ကုန်စည်ဝင်ရောက်လာနိုင်မှု လမ်းကြောင်းများနှောင့်နှေးနေသည့် ယခုလို အချိန်ကာလသည် ပြည်တွင်း ဖိနပ်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ဈေးကွက်ကို ပြန်လည်ရယူနိုင်ရန် အစွမ်းကုန်ကြိုးပမ်းသင့်သည့်အချိန်ကာလပင် ဖြစ်သည်။

မြန်မာနိုင်ငံ ဖိနပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကံညွန့်က **"အခုလိုအချိန်မှာ ကိုယ်က အခွင့်ကောင်းယူနိုင်ရမယ်။ ဒါအခွင့်အရေး၊ အခုချိန်က တစ်ဖက်နိုင်ငံက ပစ္စည်းတွေမဝင်လာနိုင်သေးဘူး။ ကျွန်တော်တို့က ထုတ်လုပ်မှုအားကို မြှင့်တင်ပြီးတော့ တိုးထုတ်ကြမယ်။ ကျွန်တော်တို့ ဈေးကွက်ကို ကျွန်တော်တို့ ပြန်ထိန်းထားနိုင်မယ်ဆိုရင် သူတို့ ဝင်တိုးလို့ မရနိုင်တော့ဘူး"** ဟု ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင်က ပြည်တွင်းထုတ်ဖိနပ်များကို ပြည်ပအိမ်နီးချင်းနိုင်ငံအချို့သို့ တင်ပို့ခဲ့ရပြီး ဈေးကွက်ဝယ်လိုအား အမြင့်ဆုံးနိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်သည်။

ထို့ပြင် ဖိနပ်လုပ်ငန်းသည် ပြည်တွင်းထုတ်ရော်ဘာကိုအခြေခံထားသည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းလုပ်ဆောင်ရာတွင် စွန့်ပစ်ပစ္စည်းအနည်းဆုံးနှင့် ဘေးထွက်စွန့်ပစ်ပစ္စည်းများသည်ပင် ပြန်လည်ရောင်းချနိုင်သည့်လုပ်ငန်းမျိုးဖြစ်သည်။

**"ဖိနပ်ဘေးကထွက်လာတဲ့ အစတွေ၊ လှီးလို့ထွက်လာတဲ့ အစတွေကို ပြန်ပြီးတော့ ဝယ်တဲ့သူတွေရှိတယ်။ ဖိနပ်သမားတစ်ယောက်က စုလိုက်မယ်ဆိုရင် အနည်းဆုံး သိန်း ၅၀ နဲ့ သိန်း ၁၀၀ ကြား ပြန်ရတယ်။ စွန့်ပစ်ပစ္စည်းတွေက ဆုံးရှုံးတာမရှိဘူး။ လုပ်ငန်းထဲမှာ zero waste က ဖိနပ်လုပ်ငန်းတစ်ခုပဲရှိတယ်"** ဟု ဖိနပ်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ဖိနပ်လုပ်ငန်းသည် များသောအားဖြင့် လူနေရပ်ကွက်အတွင်း တည်ရှိပြီး လုပ်ငန်းတွင် အသုံးပြုသောကုန်ကြမ်းပစ္စည်းအများစုသည် မီးလောင်လွယ်သည့်ပစ္စည်းများဖြစ်သည့်အတွက် မီးဘေးအန္တရာယ်နှင့် ဖိနပ်လုပ်ငန်းမှ ထွက်ရှိသည့် အနံ့ဆိုးများနှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်လာနိုင်သည့် အခြေအနေများလည်းရှိရာ လုပ်ငန်းရှင်နှင့် ရပ်ကွက်နေပြည်သူများကြား မကြာခဏဆိုသလို ပွတ်တိုက်သံများ ကြားရလေ့ရှိသည်။

**"မီးလောင်ပြီဆို ကြည့်လိုက် အကြိမ်တစ်ရာဆို ၄၅ ကြိမ်လောက်က ဖိနပ်ရုံကပဲ။ သူတို့လုပ်ငန်းက လောင်စာတွေချည်းပဲ။ ဖိနပ်လုပ်လို့ရှိရင် ခြေရင်းခေါင်းရင်းက မခံနိုင်ဘူး၊ ဖိနပ်သုတ်တဲ့ ကော်က တော်တော်နံတယ်။ ပန်းနာရင်ကျပ်ရောဂါသည်တွေ မခံနိုင်ဘူး။ ကျန်းမာရေးရုံးတို့၊ စည်ပင်တို့ အကြိမ်ပေါင်းများစွာ ပတ်ဝန်းကျင်က တိုင်တာ၊ တိုင်တဲ့သူအပြစ်မဟုတ်ဘူး။ အမှန်က ဒီလုပ်ငန်းတွေက သီးသန့်အနေနဲ့ ရှိသင့်တာ၊ အခုတော့ လူနေအိမ်တွေနဲ့ ကပ်နေတော့စိတ်ရှုပ်စရာပေါ့"** ဟု ဖိနပ်လုပ်ငန်းတစ်ခုအနီးတွင်နေထိုင်သည့် ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

### ဖိနပ်သီးသန့်ဇုန်မရှိသေး

မြန်မာနိုင်ငံရှိ စက်မှုဇုန်များကို လေ့လာကြည့်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက်စုစည်းကာ ဇုန်အသီးသီးဖော်ဆောင်ထားသော်လည်း ဖိနပ်လုပ်ငန်းများ စုစည်းကာ သတ်မှတ်ဖော်ဆောင်ထားသည့် သီးသန့်ဇုန်ဟူ၍ မရှိသေးကြောင်း သိရသည်။

**"ကျွန်တော်တို့အတွက် စက်မှုရပ်ကွက်ပုံစံလေး ဖော်ဆောင်ပေးစေချင်တာ။ ဖိနပ်သမားတွေချည်းပဲ။ သူလည်းလုပ် ကိုယ်လည်းလုပ်ဆိုတော့ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်တော့ဘူး။ နေရာရှိတဲ့အတွက် အကုန်အဆင်ပြေသွားမယ်၊ မျိုးတူစုလိုက်ရင် ဈေးကွက်ရော၊ မီးဘေးရော၊ လေဘာက သိန်းနဲ့ချီရှိတယ်။ တစ်နေရာတည်းဆို အလုပ်အကိုင်လာလျှောက်ရင် ကြိုက်တဲ့အလုပ်ရုံ ဝင်လျှောက်ရုံပေါ့"** ဟု ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မကြာသေးမီကာလကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ကျဲပြန့်နေသော **စာမျက်နှာ ၁၉ သို့ ❖**


ခြေညှပ်ဖိနပ်အမျိုးမျိုး ချုပ်လုပ်နေမှုကိုတွေ့ရစဉ်။

> **"မြန်မာနိုင်ငံတွင် စီးနေကြသည့် ဖိနပ်များသည် ပြည်တွင်းထွက်ရော်ဘာကုန်ကြမ်း ၈၅ ရာခိုင်နှုန်း၊ ပြည်ပမှတင်သွင်းသည့် ကုန်ကြမ်း ၁၅ ရာခိုင်နှုန်းအသုံးပြုကာ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် လိုက်ဖက်မှုရှိသော ဆက်စပ်ပစ္စည်းများဖြင့် ပေါင်းစပ်ဖန်တီးချုပ်လုပ်ထားခြင်းဖြစ်သည်။ ဖိနပ်လုပ်ငန်းသည် ပြည်တွင်းထုတ်ရော်ဘာကို အခြေခံထားသည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းလုပ်ဆောင်ရာတွင် စွန့်ပစ်ပစ္စည်း အနည်းဆုံးနှင့် ဘေးထွက်စွန့်ပစ်ပစ္စည်းများသည်ပင် ပြန်လည်ရောင်းချနိုင်သည့်လုပ်ငန်းမျိုးဖြစ်"**




# တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျိုက်ထို ဇူလိုင် ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ဆန်းနိုင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်တို့က အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူးဦးမောင်ညိုက တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်၌ အဆင့်(၄)ရရှိသည်အထိ စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို ကျိုက်ထိုတပ်နယ်မှူး ဗိုလ်မှူးကြီး စိန်မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးဆန်းနိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# လိုင်စင်ရစက်သုံးဆီဆိုင်များအား ရှောင်တခင်စစ်ဆေး

**မြောင်းမြ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တိုင်းဒေသကြီးဆပ်ကော်မတီအဖွဲ့ဝင်များသည် ယနေ့တွင် မြောင်းမြမြို့နယ်အတွင်းရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များကို သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချမှု ရှိ/မရှိ ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် တာဝန်ရှိသူများက စက်သုံးဆီဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးဖြင့်ရောင်းချမှု ရှိ/မရှိ၊ အကန့်အသတ်ဖြင့်ရောင်းချမှု ရှိ/မရှိ၊ ခြင်တွယ်မှန်ကန်မှု ရှိ/မရှိ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ စက်သုံးဆီများ သိုလှောင်ထားရှိမှုအခြေအနေတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# ပြည်မြို့၌ ခေတ္တရာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းသစ်ဖွင့်ပွဲ ကျင်းပ

**ပြည် ဇူလိုင် ၁၄**

ပြည်မြို့ ခေတ္တရာရပ်ကွက်ရှိ ခေတ္တရာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်စိုးစိုးသက်နှင့် ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာတို့က မူကြိုကျောင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်စိုးစိုးသက်က ခေတ္တရာရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းအတွက် ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို လည်းကောင်း၊ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက သင်ထောက်ကူ ပစ္စည်းများကို လည်းကောင်း ထောက်ပံ့လှူဒါန်းကြသည်။

ယင်းနောက် ခေတ္တရာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြသည့် အလှူရှင်များအား ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ထို့နောက် မူကြိုကျောင်းအတွင်း လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များအား သွားတိုက်ဆေး၊ သွားပွတ်တံ၊ အားကစားပစ္စည်းများ၊ ပဲနို့နှင့် အာဟာရမုန့်မျိုးစုံတို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေး ကျင်းပ



**ညောင်တုန်း ဇူလိုင် ၁၄**

ညောင်တုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။ ယင်းနောက် မိဘဆရာအသင်းအတွင်းရေးမှူး ဆရာမ ဒေါ်အိအိမိုးစံက မိဘဆရာအသင်း အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားသည်။

ထို့နောက် မိဘဆရာနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ပြီး သဘာပတိထံမှအတည်ပြုချက်ရယူသည်။ ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများ၊ Grade-9 နှင့် Grade-5 တွင် (A) အဆင့်ရရှိသူ ကျောင်းသား ကျောင်းသူများ၊ ခွင့်မပျက်သင်ကြားရေးဆုနှင့် ခွင့်မပျက်ဝန်ထမ်းဆုရရှိသူများအား ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော သမဝါယမအသင်းဝင် သားသမီးများအား ဂုဏ်ပြုချီးမြှင့်

**မြိတ် ဇူလိုင် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော မြိတ်မြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်းဝင် ဆရာ ဆရာမများ၏ သားသမီး ၂၅ ဦးကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်း၌ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



**ပေးအပ်ချီးမြှင့်**

ဂုဏ်ပြုရာတွင် မြိတ်မြို့နယ် ပညာရေး ငွေစုငွေချေး သမဝါယမ အသင်း ဥက္ကဋ္ဌ ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ခဲ့ကြသော အသင်းဝင် ဆရာ ဆရာမများ၏ သားသမီး ၂၅ ဦးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ဂုဏ်ပြုချီးမြှင့်ရာ၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရိုးရိုးအောင် တစ်ဦးကို ငွေကျပ်တစ်သိန်းစီ ဂုဏ်ပြုချီးမြှင့်ပြီး ဂုဏ်ထူးတစ်ဘာသာရရှိသူကို ငွေကျပ်ငါးသောင်းစီပေါင်း၍ ဂုဏ်ပြုချီးမြှင့်ပေးခြင်းဖြစ်သည်။ ဂုဏ်ပြုခဲ့သည့် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့ကြသူများတွင် ငါးဘာသာဂုဏ်ထူးတစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး တစ်ဦး၊ တစ်ဘာသာဂုဏ်ထူး ခုနစ်ဦးနှင့် ရိုးရိုးအောင် ၁၆ ဦး စုစုပေါင်း ငွေကျပ် ၃၂ သိန်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၈ မှ

ဖိနပ်လုပ်ငန်းရှင်များ စုစည်းကာ ဖိနပ်လုပ်ငန်းအဘက်ဘက်မှ တိုးတက်စေရန် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ ဖိနပ်လုပ်ငန်းရှင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ထိုအသင်းမှ ပြည်တွင်းလုပ်ငန်းရှင်များအတွက် လိုအပ်သောနည်းပညာ၊ ငွေကြေး၊ အခက်အခဲများ၊ ပြည်တွင်း၊ ပြည်ပဈေးကွက် ချဲ့ထွင်ထိုးဖောက်နိုင်ရေး၊ နိုင်ငံခြားငွေယိုစီးမှု ဟန့်တားနိုင်ရေး၊ လုပ်ငန်းရှင်များ တစုတစည်းတည်း လုပ်ငန်း ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဖိနပ်ကုန်ကြမ်းမှသည် ကုန်ချောအဆင့် လုပသည့် ဖိနပ်တစ်ရန်ဖြစ်လာစေရန် ဖြတ်ကျော်သည့် လုပ်ငန်းအဆင့်ဆင့်တွင် ကုန်ထမ်း အလုပ်ကြမ်းသမားမှသည် ကျွမ်းကျင်လုပ်သားအလယ်၊ ဈေးကွက်ရှာဖွေရေးအဆုံး ကလေး၊ လူကြီး၊ ကျား၊ မ အရွယ်စုံ လုပ်သားအင်အား အများအပြားအပြင် ဖိနပ်လုပ်ငန်းနှင့်ဆက်စပ်မှုရှိသော လုပ်ငန်းများလည်း ပါဝင်နေသည်ဖြစ်ရာ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးနိုင်သည့် လုပ်ငန်းတစ်ခုဟုဆိုလျှင် မှားမည်မထင်ပေ။

**ဈေးကွက်အသာစီးရရေးကြိုးပမ်း**

ဖိနပ်လုပ်ငန်းသည် တိမ်မြုပ်ပျောက်ကွယ်သွားမည့် လုပ်ငန်းမျိုးကား မဟုတ်ချေ။ ဖိနပ်လုပ်ငန်းရှင်များအနေဖြင့် ခေတ်ကို မျက်ခြည်မပြတ်စောင့်ကြည့်ကာ ထူးခြားဆန်းသစ်လှပသောဖိနပ်များ တီထွင်ဖန်တီးခြင်းဖြင့် ဈေးကွက်အသာစီးရရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

အသေးစား၊ စက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနအောက်ရှိ ပြည်တွင်းဖိနပ်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပသွင်းကုန်ဖိနပ်များ ဝင်ရောက်လာမှုအားနည်းသည့် အခြေအနေနှင့် တိုက်ဆိုင်နေသည့် ယခုလိုအချိန်အခါမျိုးတွင် အရည်အသွေးမီ လှပသေသပ်သော ပြည်ပသွင်းကုန် အစားထိုးအဆင့်မြင့်ဖိနပ်များ ပိုမိုထုတ်လုပ်၍ မိမိတို့၏ ပြည်တွင်းဈေးကွက်ကို အခိုင်အမာပြန်လည်ရယူပြီး နိုင်ငံခြားငွေယိုစီးမှုကို တစ်ဖက်တစ်လမ်းမှ ဟန့်တားနိုင်ရေး၊ အခါအခွင့်သင့်လာပါက Made in Myanmar တံဆိပ်ကပ်နိုင်ထားသည့် ပြည်တွင်းထုတ်ဖိနပ်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

# မိုးကြီးမည့် သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဇူလိုင် ၁၆ ရက်မှ ၂၀ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်ရှိ လေဖိအားနည်းဆဲလ်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် တောင်တရုတ်ပင်လယ်ပြင်ရှိ လေဖိအားနည်းဆဲလ်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကိုကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ဧရာဝတီမြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၆ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်(၄၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်(၃၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်မြို့နယ်၊ ဇလွန်မြို့နယ်၊ မအူပင်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



## မိုင်းလားမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

နေပြည်တော် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ တာပုံကျေးရွာအုပ်စု ၂၃ မိုင်ရွာ၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ပြုလုပ်ရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကြည်၊ ခရိုင်အတွင်းရေးမှူး ဦးအောင်သွင်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးအေးမင်းထွန်းနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျေးရွာသူ ကျေးရွာသားများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့သည်။

သတင်းစဉ်

ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု။

## ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန္တီးမြို့နယ်အတွင်းရှိ ပေါ်မိုင်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခန္တီး)၊ ဇီးဖြူကုန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း)၊ နာဂရိုးရာကွင်း၊ ဇေယျာသုခဘုန်းတော်ကြီးကျောင်း၊ နှစ်ချင်းခရစ်ယာန်အသင်းတော် ခရစ်ယာန်ကျောင်း၊ ဆင်သေကျေးရွာ၊ အမှတ်(၄)ရပ်ကွက်နှင့် နန်းမုံကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဟင်္သာတမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ဟင်္သာတ ဇူလိုင် ၁၄

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ ဇီဝအချက်အလက်ဆိုင်ရာများ ကောက်ယူခြင်း၊ မြေပြင်လူဦးရေစာရင်းများ စိစစ်ခြင်းကို ယနေ့နံနက် ၉ နာရီက ဟင်္သာတမြို့ တာကလေးရပ်ကွက် ကျောက်တော်ကြီးဘုရားတန်ဆောင်းဝင်းနှင့် အခြားတိုက်နယ်၊ ကျေးရွာအုပ်စုများတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။



အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်း ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟင်္သာတမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဖြိုးဝေအောင်နှင့် သက်ဆိုင်ရာတိုက်နယ်မှူးများ၊ ဝန်ထမ်းများက ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထားခြင်း မရှိသေးသူများအား လည်းကောင်း၊ အိမ်ထောင်စု လူဦးရေစာရင်း မရှိသေးသူများအား လည်းကောင်း မြေပြင်လူဦးရေစာရင်းများ စိစစ်ခြင်းတို့အား ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းဆောင်ရွက်နေမှုများအား ဟင်္သာတခရိုင်လဝကဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာအောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စုများ၊ အခြေခံပညာအထက်တန်းကျောင်းများသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဇလွန်မြို့နယ်၌ ရေဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြ

ဇလွန် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ ရေဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆန်တန်းရပ်ကွက် ကျိုးပင်ဆိပ်၌ ပြုလုပ်ခဲ့သည်။

ရေဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးရန်လင်းထွဋ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ အသိပေးဆောင်ရွက်ခဲ့ကြသည်။

ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနေသဖြင့် မြစ်ကမ်းနီးနေထိုင်သော ပြည်သူများအား မြစ်ရေကြီးခြင်းသတင်းကို အမြဲနားထောင်ရန်၊ ရေလွှမ်းရာကမ်းပါးရှိနေရာများကို လမ်းလျှောက်သွားလာခြင်း မပြုရန်၊ မြစ်ရေကြီးမြင့်လာပါက နီးစပ်ရာအရေးပေါ်စခန်းများသို့ ရွှေ့ပြောင်းထိခိုက်ပျက်စီးမှုအခြေအနေအား စာရင်းပြုစုပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားလုံးနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် စသည့်အချက်များကို ပြည်သူများသိရှိစေရန် အသိပေးနှိုးဆော်ခဲ့ကြသည်။ ထို့နောက် အရေးပေါ်ရှာဖွေရေး အထောက်အကူပြုပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရသည့် လူများရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီ ဝတ်ဆင်ပုံနည်းများ၊ ဒဏ်ရာရလူနာအား ရွေးဦးသူနာပြုစုနည်းများ၊ မြစ်ရေကြီးမြင့်လာပါက နီးစပ်ရာ အရေးပေါ်စခန်းများသို့ ရွှေ့ပြောင်းရန် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဆည်းကျုံကျုံရှင်းတမ်း

(ယမန်နေ့မှအဆက်)

လုံးကြီးတင် "ဆီးကျုံကျ"ဟူသော အရေးကို မဲဇာတောင်ခြေချီ ပိုဒ်စုံရတုတွင်သာ တွေ့နိုင်ဖွယ် ရှိပါသည်။ အခြားရတုကဗျာလင်္ကာ အထွေထွေ စကားပြေတို့တွင် တွေ့မြင်ရဖွယ်မရှိဟုဆိုရပါမည်။ တိတ်တိတ်ဆိတ်ဆိတ်အဓိပ္ပာယ်၊ ဆိတ်ညံအဓိပ္ပာယ် ရှိသော ညကြီးသတ် "ဆည်းကျုံကျ" အရေးကိုကား ရတုလင်္ကာကဗျာ အထွေထွေစကားပြေတို့တွင် တွေ့နိုင်ပါသည်။

"ဆည်းကျုံကျ" ကိုမူ တိတ်တိတ်ဆိတ်ဆိတ်၊ ဆိတ်ဆိတ်ညံညံ အဓိပ္ပာယ်ဖြင့် ပျို့ကဗျာလင်္ကာ စသည်တို့တွင် သုံးခဲ့ကြပါသည် -

"ဇမ္ဗူကျွန်းချာ ပြည်ကြီးစွာလည်း၊ ထိုခါအိမ်ချည်း၊
ဆည်းကျုံကျုံလျှင်၊ လူသံဆိတ်ဆိတ်" (ကိုးခန်းပျို့ *၂၇၇)

"ဆည်းကျုံကျုံလျှင်၊ လူသံဆိတ်ဆိတ်၊ ထိတ်ထိတ်
မောမော၊ ဤရပ်တော၌" (ဘူရိဒတ်လင်္ကာ *၁၄)

"မြိုင်ခြေတောယံ၊ ဆည်းကျုံကျုံဝယ်၊ လူသံ
ဆိတ်ဆိတ်"(မဟာသုတသောမ ၃၂)

"တောခြေမိုက်မည်း၊ ကြောက်ဖွယ်ချည်းတိ၊
ဆည်းဆည်းညံညံ၊ လူသံဆိတ်ဆိတ်၊ ထိတ်ထိတ်
ပွေပွေ၊ လေတဟုန်းဟုန်း"(ဟံသာဝတီရောက်
မင်းဆို၊ အဝမြို့တမ်းချင်း၊ ညွှန့်ဒု၊ ၆၆)

"နေခင်းဆိတ်ညံ၊ ဆည်းကျုံကျုံ၊ စကြံသွားမစဲ"
(ကဝိလက္ခဏာ* ၂၅၈)

"သိမ်းဆည်း၊ နောင်ဖို့ဆည်း၊ ဆည်းကြုံကြုံ၊
ဆုံဆည်း၊ ဆည်းလည်းချူ၊ ညရီဆည်းဆာ၊
ခိုက်ဆည်းရန်ရှာ၊ ဆည်းဘူး/ပူး၊ သစ်ဆည်း
လည်း" (ဝဏ္ဏဗောဓနီ)

"နံ့သာလိမ်းကျုံ၊ ရွှေရည်ကျုံ၍၊ ကျုံကျုံမြည်ရီး၊
ကြိုးကြိုး (ကျိုးကျိုး) ကျုံကျုံ၊ ဆည်းကျုံကျုံ
ကြီး" (ကဗျာသာရတ္ထ)

"တူညီကပ်ဆည်း၊ ပြုသိမ်းဆည်းနှင့်၊ ကြီးထု
တောယံ၊ ဆည်းကြုံကြုံနှင့်" (ရတနာကြေးမုံ)

"မျက်ပါးလိမ်းကျုံ၊ ဆည်းကျုံကျုံနှင့်၊ မကျုံလိမ်း
သည်၊ လိမ်းကျုံမည်က၊ ရွှေရည်လိမ်းကျုံ၊ ကျိုးကျုံ
တစ်ထစ်" (ရတနာကြေးမုံ)

ဤတွင် ညကြီးသတ် ဆည်းကျုံကျုံဟူသော စကားကို ညကြီးသတ်ကာရန်ယူ၍ ရေးဖွဲ့ထားသော အသုံးများတွေ့ရသည်လည်းရှိသည်။ ကာရန်ယူမထားသော အသုံးများလည်းရှိပေသည်။ "ဆည်းကျုံကျ"နှင့်ပတ်သက်၍ အခြားရှင်းလင်းစရာ ပြဿနာတစ်ရပ်မှာ "ဆည်းကျုံကျ"ကို "ဆည်းကြုံကြုံ"ဟု ရရစ် "ကြုံ" ဖြင့် စာလုံးပေါင်းထားသည်ကိုလည်း တွေ့နေရသော အချက်ဖြစ်ပေသည်။ "ယပင့်ကျ"နှင့် "ရရစ်ကြုံ" အသံတူနေသဖြင့် နှစ်သက်သလို ရေးနေကြခြင်းလည်း ဖြစ်နိုင်ပေသည်။ မြန်မာဘာသာဝေါဟာရနှင့် ဝေါဟာရအနက်ကို ကျွမ်းကျင်တော်မူသော ဒုတိယကျော်အောင်စံထားဆရာတော်ဘုရားပင် "ဆည်းကျုံကျုံ"နှင့်ပတ်သက်၍ ဝေဝါးတော်မူခဲ့ပေသေးသည်။ ဆရာတော်က "ဆည်းကြုံကြုံ" ဟု ရရစ်"ကြုံ"ဖြင့် ရေးခဲ့၊ အနက်ကြုံဆဖွင့်ဆိုခဲ့သည်ကို တွေ့ရပါသည်။

ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် -

"ဆည်းကြုံကြုံဟူသည်၌ ဆည်းဟူသော စကားအရကို "ဆည်း" အမည်ရှိသော တိရစ္ဆာန်ရှိသည်လည်း အချို့ဆိုကုန်၏။ ထိုတိရစ္ဆာန်ကို ထင်မြင်တွေ့ကြိမ်ဖူးသည်ဟူ၍မျှ မကြားစဖူး။ တိရစ္ဆာန်ဝိသေသ၊ အထည်ဒြပ်ဝိသေသရှိဟန် စာပေလည်းမထင်။ သဘောကိုထောက်သော် တောအုံတောင်ကမ်း ထူထဲကြီးကျယ်စွာသောအရပ်ဝယ် သစ်ခက်သစ်ရွက်တို့သည် အလိုအလျောက် သွေ့ခြောက်နွမ်းရိ၍ ကြွေကျခြင်း၊ ကျေးငှက် စသောတိရစ္ဆာန်တို့ ခိုက်တိုက်မိခြင်း၊ ခြွေချခြင်း၊ လေခတ်ခြင်းအကြောင်းတို့ကြောင့် ကြွေကျသောအသံ၊ ကြွေကျသည်တွင် အဆင့်ဆင့် ထိခိုက်ပြန်၍ ဆင့်ပွားသောအသံ၊ ကျေးငှက်စသော တိရစ္ဆာန်တို့၏ လှုပ်ရှားမြည်တွန်သောအသံ၊ ယင်းသို့ မရေမတွက်နိုင်သော လှုပ်ရှားခြင်းကိုစွဲ၍ဖြစ်သော လေညင်းလေပြည်တို့သည် ဆိုခဲ့သောအသံတို့ကို သိမ်းဆည်းစုရုံး၍ နားသို့ရောက်လတ်သော် ဝေးသောအသံ၊ မပြင်းမပြသောအသံ၊ ခြားနားသိသာ မရှိသောအသံတို့လည်း ပြွမ်းနှောလျက်ရှိ၍ မည်သည့်အသံမဆိုမမှတ်သာ စီစီကျာကျာ တညံညံတကြုံကြုံမျှသာ ထင်သောအသံကိုပင် စုရုံးသိမ်းဆည်း၍ ကြုံကြုံညံညံထင်သောကြောင့် ဆည်းကြုံကြုံဟူ၍ သူဟောင်းတို့ ဆိုမိန့်သကဲ့သို့ရှိ၏။ ယင်းသို့ယူလျှင် ယခင်သိမ်းဆည်းဟူသောအနက်လည်းကောင်းဖြစ်၏" ဟု ကြုံဆထားပါသည်။

ဆရာတော်သည် "ညံညံ၊ ကြုံကြုံ(ကျုံကျုံ)"ဟူသော စကားကို "စီစီကျာကျာ၊ တညံညံ၊ တကျုံကျုံ" ဟူသော အနက်ဟု ဆိုလိုရိပ်ရှိ၏။ "တိတ်တိတ်၊ တိတ်ဆိတ်၊ ဆိတ်ဆိတ်" ဟူသောအနက်ရှိကြောင်း ဖော်ပြမထားပေ။ စင်စစ်အားဖြင့် "ညံညံ၊ ကျုံကျ" တို့သည် "တိတ်တိတ်၊ တိတ်ဆိတ်၊ ဆိတ်ဆိတ်"အနက်ကို ဟောသောစကားများဖြစ်သည်။

ဝေါဟာရပကာသနီကျမ်းတွင် "ဆည်းကြုံကြုံ"ဟု ရရစ်"ကြုံ"ဖြင့် ဖွင့်ဆိုထားသဖြင့် နောက်ပုဂ္ဂိုလ်အချို့လည်း "ဆည်းကြုံကြုံ"ဟု ရရစ်ကြုံဖြင့် ရေးသုံးလာကြသည်။

ဆရာယုဒသန်၏ မြန်မာအင်္ဂလိပ်အဘိဓာန် (၁၈၅၂ ပုံနှိပ်)တွင် "ဆည်းကြုံ"ကို တည်ပုဒ်အဖြစ်ယူ၍ V–to be soothing, quiet, pleasant, as a wilderness, Comp "ဆိတ်ညံ"ဟု ဖွင့်ပြထားပါသည်။ "ဆည်းညံ"ကိုလည်း တည်ပုဒ်အဖြစ်ယူကာ "v see ဆိတ်ညံ"ဟု ပြထားပါသည်။ "ဆိတ်ညံ"၏ အဓိပ္ပာယ်ကို "v. to be still, solitary" ဟု ပြပါသည်။

စင်စစ်အားဖြင့် ဝေါဟာရတ္ထပကာသနီကျမ်း (၁၁၃၁)သည် မဲဇာတောင်ခြေချီပိုဒ်စုံရတု (၁၁၂၆ ခန့်)နောက် ငါးနှစ်ခန့်သာ နောက်ကျသဖြင့် တစ်ခေတ်တည်း တစ်ချိန်တည်းဟုပင် ဆိုနိုင်ပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီးက "တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံဝယ်"ဟု ရေးနေချိန်တွင် ဒုတိယကျော်အောင်စံထား ဆရာတော်က "ဆည်းကြုံကြုံ" (ဆည်းကျုံကျုံ)ကို သူဟောင်းတို့၏စကားသဖွယ် မိန့်ဆိုသည်မှာလည်း ထူးဆန်းနေပေသည်။

မည်သို့ပင်ဆိုစေ "ဆည်းကျုံကျုံ"ကို ပျို့ကဗျာလင်္ကာအကိုးများအရသော်လည်းကောင်း၊ သတ်ပုံကျမ်းများအရသော်လည်းကောင်း၊ ဆလိမ်ညကြီးသတ်လျက်ရေးရမည်မှာ သေချာလှပါသည်။ အကိုးအထောက်၊ သာဓက၊ ယုတ္တိခိုင်မာချေပြီ။ ဆည်းကျုံကျုံ၏အနက်ကို တစ်လုံးချင်းစိတ်ဖြာ၍ ဖော်ထုတ်ရန်သာရှိပါတော့သည်။

"ဆည်းကျုံကျုံ"ဟုဆိုရာတွင် မူလစကားသည် "ဆည်းကျုံ"ဖြစ်ပါသည်။ "ကျုံ"ကို ဝိစ္ဆာပြု၍ "ကျုံကျုံ" ဟု သုံးနှုန်းခြင်းဖြစ်ပါသည်။ ဤတွင် "ဆည်း"၏ အနက်မှာ "သိမ်း၊ စု၊ ရုံး"ဖြစ်သည်။ "အသံဗလံ"ကို ဖြစ်စေ၊ "အမူအကျင့်"ကိုဖြစ်စေ "သိမ်း၊ စု၊ ရုံး"သည်ကို "ဆည်းသည်"ဟုဆိုသည်။ အသံဗလံများကို "သိမ်း၊ စု၊ ရုံး" သဖြင့်၊ အသံများကို "ဆည်း"သဖြင့် အသံများ မပျံ့မထွက်တော့ဘဲရှိသည်။ ဤသည်ကိုပင်"ဆည်းသည်"ဟုဆိုသည်။ ပျံ့ထွက်နေသောအသံများ ရုံးစုဆုတ်နစ်သည်ကို "ဆိတ်"သည်ဟုလည်း ဆိုသည်။ "ဆိတ်"နှင့် "ဆုတ်"၏ အနက်တူသည်။ ထို့ကြောင့် "ဆည်း"နှင့် "ဆိတ်"သည် အသံအထွက်ဘဲ၊ အသံများရုံးစည်းသည့်အနက်ကိုဟောသည်။

"ဆည်းကျုံကျုံ"ဟူ၍လည်းကောင်း၊ "ဆည်းညံညံ" ဟူ၍လည်းကောင်း သုံးနှုန်းကြသည်ကို ထောက်လျှင် "ကျုံကျုံ" နှင့် "ညံညံ"တို့တွင် "ညံညံ" သည် မူလဖြစ်ဖွယ်ရှိသည်။ "ကျ"နှင့် "ည"သည် အသံဖြစ်ရာဌာန်၊ အလွန်နီးသောဗျည်းများဖြစ်သဖြင့် အသံပြောင်းနိုင်သော ဗျည်းများဖြစ်သည်။ "ကျ"သည် အာခေါင်သွားရင်း ဗျည်း၊ ညသည် အာခေါင်မာဗျည်းဖြစ်သည်။ "ကျ"နှင့် "ည"ကို ဌာန်တူဗျည်းဟုပင် သတ်မှတ်သည်လည်း ရှိသည်။ ထို့ကြောင့် ကျုံကျုံသည်ညံညံနှင့်တူသည် ဟုဆိုရသည်။

"ညံ"သည် "တိတ်ဆိတ်" အနက်ရှိကြောင်း ဖွင့်ဆိုရပါဦးမည်။

"ညံ"၏အနက်ကိုဖော်ထုတ်ရန် တက်ကျသံဖြစ်သော "ညံ့၊ ညမ်း"တို့နှင့်လည်းကောင်း၊ စုတူသတ်ဖြစ်သော "ညပ်"နှင့်လည်းကောင်း ယှဉ်တွဲဆက်စပ်လျက် ကြံဆဖော်ထုတ်ရပါသည်။ "ညပ်၊ ညံ၊ ညံ့၊ ညမ်း" တို့၏ အနက်မှာ "ပူးတွဲ၊ ပေါင်းစည်း"နက်ပင်ဖြစ်သည်။ အရာဝတ္ထုနှစ်ခုတို့ တစ်ခုနှင့်တစ်ခု ပူးနေ၊ တွဲနေ၊ ပေါင်းနေ၊ ကပ်နေသည်ကို ညပ်သည်ဟုဆိုသည်။ ပူးတွဲပေါင်းကပ်ကြသဖြင့် ကြီးမားခြင်းကိုလည်းဖြစ်စေသည်။ တစ်နည်းအားဖြင့် ကျစ်လျစ်သိပ်သည်းကျဉ်းကျုံ့ခြင်းကိုလည်း ဖြစ်စေသည်။ အရာဝတ္ထု နှစ်ခုသုံးခု စသည်ကို ပူးတွဲပေါင်းကပ်လိုက်သောအခါ မူလကတစ်ခုချင်း၏ အရွယ်ပမာဏထက် ကြီးမားလာပေမည်။ တစ်နည်းလည်း ကွဲကွာနေသော အရာဝတ္ထုနှစ်ခုသုံးခု စသည်ကို ပူးတွဲပေါင်းစပ်လိုက်သောအခါ မူလကကွဲကွာနေသဖြင့် ကျယ်ပြန့်လျက်ရှိရာမှ နှစ်ခုသုံးခုသည် တစ်ခုတည်းအဖြစ်သို့ ရောက်သောကြောင့် ကျစ်လျစ်သိပ်သည်းကျဉ်းကျုံ့ခြင်းကို ဖြစ်စေသည်ဟုဆိုရပေမည်။ အသံဗလံများကို ပေါင်းစည်းလိုက်သောအခါ ဆူညံခြင်းကို ဖြစ်စေသကဲ့သို့ ဆူညံသောအသံများကို ပေါင်းရုံးရုပ်သိမ်းလိုက်သောအခါ ဆိတ်ညံခြင်းကိုလည်း ဖြစ်စေပါသည်။

"ညံ့၊ ညမ်း" တို့၏အနက်သည်လည်း ပူးတွဲ၊ ပေါင်းစည်းနက်ပင်ဖြစ်သည်။ "ညံ့"ကို "နုညံ့၊ နူးညံ့၊ ပျော့ညံ့၊ ပျောင်းညံ့၊ ဖြည်းညံ့၊ ယုတ်ညံ့" စသည်ဖြင့် အသုံးရှိသည်။ အားနည်းသော၊ ဆုတ်ယုတ်သော သဘောဖြစ်သည်။ "ဆိတ်ညံ"မှ "ညံ"၏အနက်ကို "ညံ့"၏အနက်နှင့်ယှဉ်စပ်ကာ "နူးညံ့သောအသံ၊ ပျောင်းညံ့သောအသံ၊ ညင်းညင်းညံ့ညံ့အသံ" ဖြစ်သည်ကိုပင် ညံသည့်အသံဟူ၍လည်း ယူသင့်ပေသည်။

ဤသို့လျှင် "ဆည်းညံညံ၊ ဆည်းကျုံကျုံ"တို့သည် "တိတ်တိတ်ဆိတ်ဆိတ်၊ ဆိတ်ဆိတ်ညံညံ၊ ဆိတ်ဆိတ်ငြိမ်ငြိမ်"ဟူသော အနက်ရှိသည်ဟု မှတ်ယူရပေမည်။ "ဆည်းညံညံနှင့် ဆည်းကျုံကျုံ" တို့တွင် "ဆည်းညံညံ"သည် မူလဝေါဟာရဖြစ်ပြီး "ဆည်းကျုံကျုံ"သည်အနက်တူ အသံပြောင်းဝေါဟာရဖြစ်သည်။

အချုပ်ဆိုရသော် မြန်မာစာပေနယ်ပယ်တွင် အနက်ရှိသော၊ အဓိပ္ပာယ်ရှိသော "ဆည်းကျုံကျုံ" ဟူသော ဝေါဟာရသာရှိသည်။ "ဆီးကျုံကျုံ" ဟူသော ဝေါဟာရမရှိ။ "မဲဇာတောင်ခြေ"ရတုတွင်သာ "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်" ဟူသောအဆိုကို သံယောင်လိုက်ပြီး ပေါ်ပေါက်လာသော စာလုံးပေါင်းအယောင်အမှားမျှသာဖြစ်ပါကြောင်း။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

## ပင်းတယမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ပင်းတယ ဇူလိုင် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူးကော်ကျေးရွာအုပ်စု အင်းခေါင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်း



အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ရန်ပုံငွေထုတ်ချေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းခေါင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်မည့် အသင်းသူအသင်းသား ၁၁၆ ဦးအား နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၇၉ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

စာအုပ်စာပေ လူ့မိတ်ဆွေ



## ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၌ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက ကမ္ဘာ့အေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)မှ ဌာနမှူး ဒေါ်အိအိခိုင်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နီလာရွှေက ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုထက်

## တောင်ဥက္ကလာပမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပန်းခင်းစီမံချက်-၃ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ဥက္ကလာပမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးအောင်ကိုဦး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အမှတ်(၄)ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးရာ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၀၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ဦး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)





## ကျိုက်လတ်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ကျိုက်လတ် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက်ပိုင်းက တဲ့တဲ့ကူးကျေးရွာအုပ်စုတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

### အသိပညာပေး

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်လတ်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်းမာန်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက တဲ့တဲ့ကူးကျေးရွာအုပ်စုတွင်နေထိုင်သည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင်ထိန်းသိမ်းရမည့်နည်းလမ်းများကိုလည်း အသိပညာပေးပြောကြားသည်။

### ကွင်းဆင်းဆောင်ရွက်ပေးသွားမည်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်သူများ လူမှုဘဝပြည့်စုံစေရန် ကိုင်ဆောင်သင့်ကိုင်ဆောင်ထိုက်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ရပ်ကွက်/ကျေးရွာများ၊ အခြေခံပညာကျောင်းများအထိ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ခရမ်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ခရမ်း ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကျုံမရေကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

### ကွင်းဆင်းကြည့်ရှု

ထိုသို့စစ်ဆေးရာတွင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျုံမရေကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန် လမ်းများချဲ့ထွင်ခြင်း၊ မြေသားတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၇ ဒသမ ၈၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု မြေသားနှစ်ပေ၊ ဒု သဲဖြူန်းကိုးလက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းအမျိုးအစားဖြစ်ပြီး တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၃၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေသံလွင်အားမာန်ကုမ္ပဏီက အဆိုပါကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိသည်။ ၂၂၂

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
ကြေးမုံ
သတင်းစာတွင်
ကြော်ငြာစို့

## မောက်မယ်မြို့နယ်သမဝါယမအသင်းလီမိတက် အစည်းအဝေးကျင်းပ

မောက်မယ် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ငွေလမင်း အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မြို့နယ်နမ့်ယွမ်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ငွေလမင်းငွေစုငွေချေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းခင်မြင့်ထွေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်တို့က အမှာစကားပြောကြားပြီး မောက်မယ်မြို့နယ်အမှုဆောင်အဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရှုံးအမြတ်စာရင်း၊ လက်ကျန်ရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြရာ အသင်းသူအသင်းသားများက အတည်ပြုလက်ခံကြသည်။

စိုင်းမျိုးသန့်(မောက်မယ်)



### ဒေါ်မိုးသူဇာ (ဘ)ဦးလှမြင့်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၈၂/၃၄/၁၀ ရပ်ကွက်၊ သံတောင်လမ်း၊ အမှတ်-၁၂၇(ခ)နေ ဦးဟိန်းထက်အောင် [၁၂/ရပသ(နိုင်) ၀၂၈၅၀၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ကျွန်ုပ်၏မိတ်ဆွေ ဦးဟိန်းထက်အောင်နှင့် ဒေါ်မိုးနန္ဒာအောင်တို့တွင် မောင်မြတ်ဘုန်းသိခ် (၄)နှစ်အရွယ် သားတစ်ဦးထွန်းကားခဲ့ပြီး၊ မိဘများက ၎င်းတို့ပိုင်ဆိုင်သော မြဝတီမြို့၊ ရွှေမြဝတီမြို့သစ်၊ အမှတ် (၄)ရပ်ကွက်၊ ရွှေမြဝတီလမ်း၊ အမှတ်(မရှိ) ရှိ အကျယ်အဝန်း (၆၀ x ၆၀)ပေ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃) ထပ်အဆောက်အဦနေအိမ်တွင် တွယ်ကပ်လျက်ရှိသော ရေ၊ မီးအစုံ၊ အဲယားကွန်း (၂) လုံး၊ ဆိုလာစနစ်သုံးဆက်စပ်ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၅-၆-၂၀၂၄) ရက်နေ့တွင် အသိသက်သေလူကြီးများရှေ့မှောက်တွင် မေတ္တာဖြင့် ပေးကမ်းရာတွင် မောင်မြတ်ဘုန်းသိခ်၏ အုပ်ထိန်းသူအဖြစ် လူကြီးမင်း ဒေါ်မိုးသူဇာက လက်မှတ်ရေးထိုးလက်ခံရယူခဲ့ပြီး၊ မောင်မြတ်ဘုန်းသိခ် အရွယ်ရောက်သည့်အခါတွင် ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။ လူကြီးမင်း ဒေါ်မိုးသူဇာအနေဖြင့် မောင်မြတ်ဘုန်းသိခ် အရွယ်မရောက်သေးသည့်ကာလပတ်လုံးနှင့် ဦးဟိန်းထက်အောင် သိရှိခြင်းမရှိဘဲ အဆိုပါပေးကမ်းသည့် နေအိမ်ခြံမြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း တစ်စုံတစ်ရာမပြုလုပ်ရန် အသိပေးအပ်ပြီး၊ အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းလွင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၀၇)**
**အမှတ်(၄၄၄/ခ)၊ စိတ္တသုခလမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၃၁၃၁၄၈၇**





### ဦးစန်းငွေဦးနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ Delta Plaza၊ တိုက်(ဘီ)၊ အခန်းအမှတ်(၈၀၄) တွင်နေထိုင်သူ ဒေါ်ပြုံးပြုံးစံ[၁၄/ဝခမ(နိုင်) ၁၅၁၅၅၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပြုံးပြုံးစံနှင့် ဦးစန်းငွေဦးတို့ ပေါင်းသင်းခဲ့ရာတွင် သမီးနှစ်ဦးထွန်းကားခဲ့ပြီး ဒေါ်ပြုံးပြုံးစံမှ စီးပွားရေးအား ဦးဆောင်ရှာဖွေလုပ်ကိုင်ခဲ့သောကြောင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိရာ ယခုအခါတွင် ဒေါ်ပြုံးပြုံးစံနှင့် ဦးစန်းငွေဦးတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်နွှယ်ပတ်သက်မှုမရှိတော့ဘဲ သီးခြားစီ နေထိုင်လျက်ရှိသောကြောင့် ဒေါ်ပြုံးပြုံးစံ ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအပါအဝင် စီးပွားရေးလုပ်ငန်း၊ အလုပ်သမားဝန်ထမ်းများ စသည်တို့နှင့်ပတ်သက်၍ ဒေါ်ပြုံးပြုံးစံ၏သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ သတိပေးတားမြစ်ချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိ ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစန်းငွေဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ပြုံးပြုံးစံ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသဇင်မြင့်(LL.B, D.B.L,D.Eng)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၂၇)**
**၇-လမ်းနှင့် ကိုင်းတန်းလမ်းကြား၊ အနော်ရထာလမ်းမပေါ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၆၅၀၅၀၃၆၃၅၊ ၀၉-၈၈၂၂၅၅၁၄၆**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁) ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊ ၁/၂၀၂၄
## ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်
## (၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း ကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရရှိသော အောက်ဖော်ပြပါ **ဒုတိယဦးစီးမှူးရာထူး(၂၅၀)နေရာ**အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| ပညာအရည်အချင်း | အရေအတွက် |
|---|---|
| (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (စီးပွားရေးတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာရင်းကိုင် ဒီပလိုမာလက်မှတ်တစ်ခုခုရရှိပြီးသူများအား ဦးစားပေးခန့်ထားမည်) | ၂၅၀ ဦး |

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) **၃၁-၇-၂၀၂၄** ရက်နေ့တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (ဃ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်၊
- (င) **ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် (ရုံးချုပ်)နှင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကျင့်သုံးသည့်ရုံးများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင်ရမည်၊**
- (စ) ရွေးချယ်ခန့်ထားခြင်းခံရပါက ပြည်တွင်းအခွန်များဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် **www.ird.gov.mm** တွင် Download ရယူနိုင်ပါသည်။ (လျှောက်လွှာရောင်းချခြင်း/ ထုတ်ပေးခြင်းမပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -
- (က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော(၁"x ၁.၂၅") အရွယ် ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ
- (ဂ) ဘွဲ့လက်မှတ်မိတ္တူ
- (ဃ) ကွန်ပျူတာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်မိတ္တူ၊ အခြားရရှိထားသည့် အသိအမှတ်ပြု လက်မှတ်မိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဆ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
- (ဇ) ကျန်းမာကြောင်းဆေးလက်မှတ်(မူရင်း)
- (ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
- (ည) သက်ဆိုင်ရာမြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

၅။ လျှောက်လွှာကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ **၃၁-၇-၂၀၂၄** ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ခွင့်ပြုချက်မပါရှိသည့် လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်တစ်မျိုးမျိုး ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင်**(မပျက်မကွက်)** ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း(Dismissal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၈။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ သတ်မှတ်စည်းကမ်းချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့် နေရာကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ထပ်မံကြေညာပေးမည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

၁၁။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ တယ်လီဖုန်းအမှတ် ဝ၆၇-၃၄၃ဝဝ၁၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဘ)ဦးဂရုဆာမိ၏သား မောင်ဒနာဘာလမ် (HLG-ဝ၄၆၅၇၅)အား မောင်စိန်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်

(ဘ)ဦးမြသိန်း၏ သားမောင်သက်နောင်ငွေး[၁၄/ဖပန(နိုင်)၁၆၆၁၃၇]၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-646425)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-693755775**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံ၊ ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| က | 37(T)/ESE/2024-2025 | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တပ်ကုန်းမြို့(ရွှေမြို့)ရှိ ဇီဝလုံခြုံမှုအဆင့်(၃) ဓာတ်ခွဲခန်း တည်ဆောက်ရေးလုပ်ငန်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ AWOC လိုင်း (၄၀၀၀) ပေ၊ ၁၁/၀.၄ ကေဗွီ (၃၁၅) ကေဗွီအေ ထရန်စဖော်မာ (၁) လုံး၊ ၄၀၀ ဗို့လိုင်း (၁၀၀၀) ပေနှင့် ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ ခွဲရုံတွင် 11 kV Switchgear Panel (၁) လုံး အစားထိုးလဲလှယ်ခြင်း(ပစ္စည်း+လုပ်အား)Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း |
| ခ | 38(T)/ESE/2024-2025 | တောင်ကြီးပင်မဓာတ်အားခွဲရုံမှ ဟိုပုံးသို့ ၆၆ ကေဗွီလိုင်း (၁၁.၃) မိုင်အတွက် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများဝယ်ယူရန် |

တင်ဒါစတင်ရောင်းချမည့်ရက် - (၁၅-၇-၂၀၂၄)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၂၉-၇-၂၀၂၄) ရက်နေ့ ၊ မွန်းတည့် (၁၂ : ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ဝ၆၇-၈၁ဝ၄၂၄၄၊ ဝ၆၇-၈၁ဝ၄၂၄၅ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ခရိုင်(၁၄) ခရိုင်အတွင်းရှိ ဆောင်ရွက်မည့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် လောင်ကျွမ်းထရန်စဖော်မာများလဲလှယ်ခြင်းနှင့်အသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သော 11/0.4kV,200 kVA Transformer with LA (Single Pole Mounted with Structrure)များအားမြန်မာကျပ်ငွေဖြင့်အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၇.၇.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁.၈.၂၀၂၄)ရက်နေ့(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊ဝ၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကုမ္ပဏီအမည်ပြောင်းလဲကြောင်း အသင်းသားများနှင့် အများပြည်သူသိရှိစေရန်ကြေညာခြင်း

**DGB Microfinance Myanmar** ကုမ္ပဏီလီမိတက် (အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အမှတ်- ဝ၃၁၉/၂ဝ၁၉)၏ (၂၇-၆-၂၀၂၄) ရက်နေ့တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် DGB Microfinance Myanmar ကုမ္ပဏီလီမိတက်၏ အမည်ကို **"iM Microfinance Myanmar ကုမ္ပဏီလီမိတက်"** အမည်သို့ ပြောင်းလဲအသုံးပြုသွားရန် ဆုံးဖြတ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် လိုအပ်သည်များကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုထားသည့် အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို **"iM Microfinance Myanmar ကုမ္ပဏီလီမိတက်"** အမည်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းသားများနှင့်တကွ အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**iM Microfinance Myanmar Co., Ltd.**

## "မြေကွက်(၁)ကွက် ဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်းအများသိရှိနိုင်စေရန်ကြေညာခြင်း

